ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )**

**[တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၇၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ ၂၉-၁-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးပြူးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ခရိုင်မြေစီစစ် အစည်းအဝေးတက်ရောက်။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးနှင့် ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၂၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက

ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် ကတိကဝတ်များအား အကောင်အထည်ဖော်ရန်နှင့် မြန်မာနိုင်ငံ၏ ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် မြို့နယ်အဆင့် ကလေးသူငယ်ဆိုင်ရာကော်မတီများကို ပြန်လည်ဖွဲ့စည်း၍ လက်တွေ့ အကောင်အထည် ဖော်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး က ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် ကတိကဝတ်များအား အကောင်အထည်ဖော်ရန်နှင့် မြန်မာနိုင်ငံ၏ ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် မြို့နယ်အဆင့် ကလေးသူငယ်ဆိုင်ရာကော်မတီများကို ပြန်လည်ဖွဲ့စည်း၍ လက်တွေ့ အကောင်အထည် ဖော်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါ်နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မ မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မြန်မာနိုင်ငံ သည် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် အဖွဲ့ဝင် အဖြစ် ၁၉၉၁ ခုနှစ်မှာစတင်ခဲ့ပြီး ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူ စာချုပ် ကတိကဝတ်ကို အကောင်အထည်ဖော်ဖို့နှင့် မြန်မာနိုင်ငံ ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ဖို့ မြို့နယ်အဆင့် ကလေးသူငယ်ဆိုင်ရာကော်မတီများကို ပြန်လည်ဖွဲ့စည်းရန် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဒီ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အဖွဲ့ဝင်ကို စတင်ခဲ့ပြီးတော့ ထိုစာချုပ်အရ ဗဟို၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်များမှာ ကလေးသူငယ်ဆိုင်ရာကော်မတီများကို နိုင်ငံတစ်ဝန်း ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်မမေးမယ့် မေးခွန်းကတော့ ပြည်သူတွေနဲ့တိုက်ရိုက်ထိစပ်နေတဲ့ မြို့နယ်အဆင့်ကော်မတီကို မေးမြန်းမှာ ဖြစ်ပါတယ်။ အဲဒီ မြို့နယ်အဆင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီတွေကို မြို့နယ်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကနေ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာနကနေ အတွင်းရေးမှူးအဖြစ် တာဝန်ယူပြီးတော့ မြို့နယ်မှာရှိတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေကနေပြီးတော့ အဖွဲ့ဝင်အဖြစ် ပါရှိပါတယ်။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ဖို့ဆိုပြီးတော့ ရည်ရွယ်ချက်ထားတယ်လို့ သိရပါတယ်။ ကလေးသူငယ် နည်းဥပဒေ အခန်း(၆)မှာ ဖော်ပြထားတဲ့ မြို့နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ လုပ်ငန်းများရဲ့တာဝန်များကတော့ ကလေးသူငယ် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ဥပဒေပြဋ္ဌာန်းချက်များကို

ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာမြို့နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကလေးမှုခင်းများ မဖြစ်ပွားစေရေး မြို့နယ်အတွင်း ကြိုတင်အစီအစဉ်ချမှတ်ခြင်း၊ ကလေးသူငယ်အကျိုးအတွက် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများရဲ့ အကူအညီ ရယူပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်တဲ့ အစီရင်ခံစာ၊ စာရင်းဇယား များကို သက်ဆိုင်ရာ မြို့နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများထံ တောင်းခံရယူခြင်းဆိုပြီးတော့ လုပ်ငန်းတာဝန်တွေကို ဖော်ပြထားပါတယ်။

ဒါပေမဲ့လည်း မြို့နယ်တော်တော်များများမှာ ကလေးသူငယ်ဆိုင်ရာကော်မတီတွေဟာ အမည်ခံပဲ ဖြစ်နေပါတယ်။ ပုံမှန်အစည်းအဝေးတောင်မှ ကျင်းပခြင်းမရှိတာကို တွေ့ရပါတယ်။ ကျွန်မ တာဝန်ယူထားတဲ့ ကျွန်မရဲ့မဲဆန္ဒနယ်မြေ မြို့နယ်များအပြင် အခု ဒီမှာရှိတဲ့ ကိုယ်စားလှယ်ကြီးတွေကို မေးကြည့်တဲ့အခါမှာလည်း သူတို့ရဲ့မြို့နယ်မှာ ဒီလိုမျိုး တွေ့ထိဆက်ဆံမှု မရှိဘူးဆိုတာကိုလည်း များသောအားဖြင့် တွေ့ရပါတယ်။ အဲဒီတော့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကိစ္စတွေကို ချမှတ် အကောင်အထည်ဖော်မယ့်၊ ဆွေးနွေးတိုင်ပင်မယ့် ပြည်သူတွေအတွက်က အခက်အခဲဖြစ်နေပါတယ်။

သို့ပါသောကြောင့် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတာကတော့ ကမ္ဘာ့ကုလသမဂ္ဂ ညီလာခံ သဘောတူစာချုပ် ကတိကဝတ်များအား အကောင်အထည်ဖော်ရန်နှင့် မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် မြို့နယ်အဆင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီများကို ပြန်လည်ဖွဲ့စည်းရန်နှင့် လက်တွေ့ အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းလိုက်ပါတယ်ရှင်။ (ဩဘာသံများ)

**မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများအတွက် ဥပဒေ၏ အကာအကွယ်ကို ပြည့်ဝစွာရရှိရန်နှင့် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး က မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများအတွက် ဥပဒေ၏ အကာအကွယ်ကို ပြည့်ဝစွာရရှိရန်နှင့် သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံရှိ လူဦးရေ (၅၁.၄)သန်းကျော်ရှိသည့်အနက် (၂.၃)သန်းကျော်ဟာ မသန်စွမ်းကြောင်းကို ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းများအရလည်း သိရှိရပါတယ်ရှင်။ မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းမှုအခြေအနေပြ စစ်တမ်းအရ မသန်စွမ်းသောလူဦးရေ၏ (၅၂)ရာခိုင်နှုန်းဟာ ကျောင်းမနေဘဲ (၁)ရာခိုင်နှုန်းသာ အဆင့်မြင့်ပညာကို သင်ယူခွင့် ရရှိနေပါတယ်။ ၂၀၁၆ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက်တို့မှပြုစုသည့် မသန်စွမ်းသူများ၏ အခြေအနေ ဆန်းစစ်လေ့လာမှု အစီရင်ခံစာ အကျဉ်းချုပ်အရ မသန်စွမ်းကလေးများ၏ (၆၇)ရာခိုင်နှုန်းဟာ ပုံမှန်ပညာရေးရဲ့ ပြင်ပသို့ ရောက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေး သဘောတူစာချုပ်အား ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအား ပြဋ္ဌာန်းခဲ့ပါတယ်။ ထိုဥပဒေ ပုဒ်မ ၈ နဲ့ ပုဒ်မ ၁၀ တို့တွင် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို လေးစားရန်နှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသော အပြုအမူများကို တားမြစ်သည်ဟုလည်း ပြဋ္ဌာန်းထားပါတယ်။ ဆက်လက်ပြီး ထိုဥပဒေမှာပဲ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီအား ဒုတိယသမ္မတမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစေပြီး ဖွဲ့စည်းရမည်ဟုလည်း ပြဋ္ဌာန်းထားပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်မှ ဆောင်ရွက်နေသော မသန်စွမ်းသူများအတွက် ကူညီစောင့်ရှောက်ရေးကျောင်းများအား ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတို့တွင် ဖွင့်လှစ်ထားသော်လည်း အမျိုးမျိုးသော အခြေခံလိုအပ်ချက်များနှင့် အခွင့်အရေးများရရှိရန် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အားနည်းလျက်လည်းရှိပါတယ်။ ကျွန်မတို့ ရပ်ရွာအတွင်းမှာရှိတဲ့ မသန်စွမ်းကလေးသူငယ်များနှင့် မိဘများက ထိုသင်တန်းကျောင်းများ၊ အထောက်အကူပြုကိရိယာများနှင့် နည်းပညာများ လက်လှမ်းမီရန် အလွန်ဝေးကွာလျက်ရှိပြီး ထိုသင်တန်းကျောင်း၊ ထိုသတင်းအချက်အလက်တွေကိုလည်း သိရှိမှု မရှိကြပါဘူးရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံဟာ မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း သွားလာလှုပ်ရှားနေမှုအား မူဝါဒဖြင့် ကန့်သတ်ထားခြင်းမရှိသော်လည်း ပကတိ မြေပြင်အခြေအနေဖြစ်သော သယ်ယူပို့ဆောင်ရေးယာဉ်များ၊ အများပြည်သူနှင့် သက်ဆိုင်သော အဆောက်အဦများ၊ လမ်း၊ တံတားများ၊ ဘုရား၊ ဈေး၊ ရုပ်ရှင်ရုံ၊ ဘောလုံးကွင်း၊ ဘူတာရုံ၊ ကားမှတ်တိုင် အစရှိသောနေရာတို့မှာ ကန့်သတ်ချက်များ ရှိနေသကဲ့သို့ ဖြစ်နေပါတယ်။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅၊ ပုဒ်မ ၂၈(ဂ)မှာ အများပြည်သူ သယ်ယူပို့ဆောင်ရေးတွင် လိုအပ်သည်များကို အမျိုးသားကော်မတီမှ အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များတွင် မသန်စွမ်းသူများ လွယ်ကူစွာ စီးနင်းလိုက်ပါနိုင်ရေးအတွက် လိုအပ်သည်များကို အမျိုးသားကော်မတီက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားပါတယ်။

သို့ပါသော်လည်း မသန်စွမ်းပုဂ္ဂိုလ်များဟာ YBS ကားများ၏ ဝန်ဆောင်မှုရရှိရန်ကိုပင် ငြင်းဆိုခံခဲ့ရပြီး အခြားသောသူများမှ မသန်စွမ်းသူများအား စီးနင်းခွင့်ပြုရန် တောင်းပန်ရသည့်အခြေအနေအား မျက်မြင်တွေ့ရှိခဲ့ရပါတယ်။ ထိုသို့သောအခြေအနေများဟာ မသန်စွမ်းသူများ၏ အခွင့်အရေး

ဥပဒေ ၂၀၁၅ အတွက် နည်းဥပဒေ မပြဋ္ဌာန်းနိုင်ခြင်း၊ နိုင်ငံတော်မှ သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်၍ ကူညီမှုအားနည်းနေခြင်း၊ ပြည်သူများအား အသိပညာပေးမှု အားနည်းနေခြင်းတို့ ကြောင့်လည်း ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ယခု အစိုးရသစ်လက်ထက်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်သူများအတွက် သက်ကြီးပင်စင်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ထောက်ပံ့ရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းသူများအတွက် သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်၍ ဆောင်ရွက်မည်ဆိုပါက UNCRPD အား အကောင်အထည်ဖော်ရာလည်း ရောက်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ ၏ အကာအကွယ်အား ပြည့်ဝစွာရရှိပြီး အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် သီးသန့်ရန်ပုံငွေတစ်ရပ် ထားရှိ၍ ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာဝင်းမြတ်အေး (ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး ၏ မြန်မာနိုင်ငံသည် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် အဖွဲ့ဝင်အဖြစ် ၁၉၉၁ ခုနှစ်တွင် စတင်ခဲ့ပြီးဖြစ်သဖြင့် သဘောတူစာချုပ် ကတိကဝတ်များအား အကောင်အထည်ဖော်ရန်နှင့် မြန်မာနိုင်ငံရဲ့ ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရန် မြို့နယ်အဆင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီများကို ပြန်လည်ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေနဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အဖွဲ့ဝင်အဖြစ် ၁၉၉၁ ခုနှစ်မှာ စတင်ခဲ့ပြီး သဘောတူစာချုပ် ကတိတွေကို အကောင်အထည်ဖော်ဖို့နဲ့ မြန်မာနိုင်ငံရဲ့ ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်

နိုင်ဖို့အတွက် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေ ပုဒ်မ ၄ အရ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၇-၅-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၁) နဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကော်မတီကို လက်ရှိ ဝန်ကြီးဌာနများဖွဲ့စည်းပုံနဲ့ လိုက်လျော ညီထွေဖြစ်စေဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၉-၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၇) နဲ့ ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

အဲဒီကော်မတီမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့ဝင် အဖြစ်လည်းကောင်း ပါဝင်သည့် စုစုပေါင်း အဖွဲ့ဝင်(၂၆)ဦးနဲ့ ပြန်လည်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

အဲဒီကော်မတီမှာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်(၄)ဦးတို့ကို ထပ်မံဖြည့်စွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၇) နဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့အတွက်ကြောင့် ကော်မတီမှာ လက်ရှိအဖွဲ့ဝင် စုစုပေါင်း(၃၁)ဦးနဲ့ ဖွဲ့စည်းထားရှိပါတယ်။ ဒါ့အပြင် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ် ဥပဒေပုဒ်မ ၆ အရ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဆင့်ဆင့်ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှာ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာ မြို့နယ်ကလေး သူငယ်အခွင့်အရေးများဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီရဲ့ တာဝန်များဖြစ်တဲ့ ကလေးသူငယ် မှုခင်းများ မဖြစ်ပွားစေဖို့ ကြိုတင်ကာကွယ်ခြင်း၊ ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းတွေမှာ လူမှုဝန်ထမ်းဦးစီးဌာနက ဌာနဆိုင်ရာအသီးသီးနဲ့ ပူးပေါင်းပြီး ရပ်ရွာအသိပညာပေးအစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးသင်တန်းတွေကို ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ဥပဒေနဲ့ရင်ဆိုင်ရတဲ့ ကလေးသူငယ် တွေကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်လျက်ရှိခြင်း၊ ကလေးသူငယ်များ၏ ကျန်းမာရေးဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်ပေးခြင်းနဲ့ ကလေးသူငယ်များ၏ ပညာရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခြေခံပညာဦးစီးဌာနက ဆောင်ရွက်ပေးခြင်း အစရှိသည်များဖြစ်တဲ့ အတွက်ကြောင့် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီရဲ့ တာဝန်ဝတ္တရားတွေဟာ လူမှုဝန်ထမ်းဦးစီးဌာနတစ်ခုတည်းက အကောင်အထည်ဖော်ဆောင်ရွက်တာမဟုတ်ဘဲ သက်ဆိုင်ရာ လုပ်ငန်းအလိုက် ဌာနဆိုင်ရာအသီးသီးက ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ပါတယ်။

ဒါ့အတွက်ကြောင့်မို့လို့ အဲဒီလုပ်ငန်းတွေကို ညှိနှိုင်းဆောင်ရွက်ဖို့ မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ်နဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဆောင်ရွက်ဖို့ဖြစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာနက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်နေတာဖြစ်ပါတယ်။ လူမှုဝန်ထမ်း ဦးစီးဌာနရဲ့ လက်ရှိဖွဲ့စည်းပုံအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များနဲ့ ခရိုင်(၁၂)ခရိုင်မှာသာ ဖွဲ့စည်း ထားရှိပြီးတော့ ကျန်ခရိုင်နဲ့ မြို့နယ်များမှာ ရုံးများဖွဲ့စည်းနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်းရုံးများ ဖွဲ့စည်းထားရှိတဲ့ဒေသတွေမှာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်တွေကို မြင့်တင်ဆောင်ရွက်လျက်ရှိတဲ့အပြင် ရုံးဖွင့်ထားခြင်းမရှိသေးတဲ့ ခရိုင်နဲ့မြို့နယ်များမှာလည်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများ အသက်ဝင်စေဖို့အတွက် တိုင်းဒေသကြီးအစိုးရ အဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နဲ့ ညှိနှိုင်းပြီးတော့ ကော်မတီများ ပြန်လည်ဖွဲ့စည်းရေး၊ အစည်းအဝေးများ ကျင်းပနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ တိုင်းဒေသကြီး၊ ပြည်နယ်(၁၃)ခုမှာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ ကော်မတီအစည်းအဝေး(၆၂)ကြိမ်ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းခြင်းနဲ့ စပ်လျဉ်းပြီးတော့ လူမှုဝန်ထမ်းဦးစီး ဌာနက မြို့နယ်ရုံးများ ဖွင့်လှစ်ဖို့ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ကာလအတွင်းမှာ မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူးအဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်လူမှု ဝန်ထမ်းဦးစီးဌာနရုံးများက ဝန်ထမ်း(၁)ဦးစီကို တာဝန်ပေးအပ်စေလွှတ်ပြီးတော့ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းတွေကို သက်ဆိုင်ရာအစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပိုမိုထိရောက်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီး ဌာနအနေနဲ့ လက်ရှိကျင့်သုံးနေတဲ့ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေကို ခေတ်စနစ်နှင့်အညီ အသစ် ပြန်လည် ရေးဆွဲထားရှိပြီးဖြစ်တဲ့အတွက်ကြောင့် အသစ်ပြန်လည်ရေးဆွဲထားရှိပြီးဖြစ်တဲ့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (မူကြမ်း)ကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၇)က သဘောတူခွင့်ပြုချက်နဲ့ အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက်ကို ပြည်ထောင်စုလွှတ်တော် ကို တင်သွင်းနိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပြည်ထောင်စု လွှတ်တော်ရုံးကို ၆-၇-၂၀၁၇ ရက်နေ့ကတည်းက ပေးပို့ထားရှိပြီးဖြစ်ပါတယ်။

အသစ်ပြန်လည်ရေးဆွဲထားရှိတဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အခန်း(၄) မှာ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းနဲ့ အဲဒီကော်မတီများရဲ့ လုပ်ငန်းတာဝန်များ ပုဒ်မ ၈ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နဲ့ နေပြည်တော်ကောင်စီတို့ဟာ ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်တို့ကို ဖွဲ့စည်းရန်နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီရဲ့ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်ဟု ရေးဆွဲထားရှိပါ ကြောင်းနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ အတွက် အသစ်ရေးဆွဲထားရှိတဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်း အတည်ပြု ပြီးပါက ကော်မတီဖွဲ့စည်းပုံအဆင့်ဆင့်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားမှာဖြစ်ပြီးတော့ လူမှုရေး

အဖွဲ့အစည်းများနှင့် အခြားစိတ်ပါဝင်စားသူများကိုလည်း ထည့်သွင်းဖွဲ့စည်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ မသန်စွမ်းသူများရဲ့ အခွင့်အရေးဆိုင်ရာဥပဒေ ၂၀၁၅ အရ မသန်စွမ်းသူများဥပဒေရဲ့ အကာအကွယ်ကို ပြည့်ဝစွာရရှိရေးနှင့် မသန်စွမ်းသူများအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ထောက်ပံ့မှုများ ပြုလုပ်ပေးအပ်နိုင်ရန် စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီ စံနှုန်းများနဲ့ ညီညွတ်တဲ့ လူ့ဂုဏ်သိက္ခာ အပြည့်အဝရရှိနိုင်မယ့် လူမှုအသိုက်အဝန်းတစ်ရပ်ဖြစ်ပေါ်စေဖို့ အထောက်အကူဖြစ်စေရေးနဲ့ အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိတဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းတွေနဲ့ ပြည်သူလူထု လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်မယ်ဆိုတဲ့ မူဝါဒအပေါ် အခြေခံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ မသန်စွမ်းသူတွေဟာ လူ့အခွင့်အရေးကို အများနည်းတူ ခံစားရရှိနေဖို့အတွက် မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေပြဋ္ဌာန်းခြင်း၊ နည်းဥပဒေပြဋ္ဌာန်းခြင်း၊ အမျိုးသားကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း၊ မဟာဗျူဟာချမှတ်ခြင်း၊ မသန်စွမ်းမှုအလိုက် လုပ်ငန်းစီမံချက်များအကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတကာသဘောတူညီချက်များ၊ မူဘောင်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေကို မသန်စွမ်းသူများရဲ့အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်အညီ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါမှာ ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ မသန်စွမ်းသူများရဲ့ အခွင့်အရေး၊ နည်းဥပဒေတွေကို ၂၇-၁၂-၂၀၁၇ ရက်နေ့မှာ ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာနဲ့ထုတ်ပြန်ခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များထံကို ဖြန့်ဝေနိုင်ရေး ၂-၁-၂၀၁၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ထားရှိပြီးဖြစ်ပါတယ်။ ဥပဒေနှင့်အညီ မြန်မာနိုင်ငံမသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၇) နှင့် ၁၄-၉-၂၀၁၇ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပြီး အမျိုးသားကော်မတီရဲ့ ပထမအကြိမ်အစည်းအဝေးကို ၂၈-၁၂-၂၀၁၇ ရက်နေ့မှာ နေပြည်တော်မှာရှိတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဒုတိယသမ္မတ(၂)ရဲ့ ဦးဆောင်မှုနဲ့အတူ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ပထမအကြိမ် အမျိုးသားကော်မတီအစည်းအဝေးမှာ မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်ဖို့ မဟာဗျူဟာလုပ်ငန်းစဉ်များနဲ့ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များ ရေးဆွဲနိုင်ဖို့ ကော်မတီဖွဲ့စည်းရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် မသန်စွမ်းသူများရဲ့အခွင့်အရေးများဆိုင်ရာ ကော်မတီများ၊ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်ခြင်းနဲ့ မှတ်ပုံတင်ထုတ်ဝေ

ခြင်းလုပ်ငန်းစဉ်များ၊ ကြီးကြပ်မှုကော်မတီ၊ မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေအား လေ့လာစောင့်ကြည့် အကဲဖြတ်သုံးသပ်ရေးကော်မတီနဲ့ ဘဏ္ဍာငွေစီမံခန့်ခွဲရေးကော်မတီ စတဲ့ အမြဲတမ်းကော်မတီများ ဖွဲ့စည်းရန်လည်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မယ့် မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို အစိုးရဌာန၊ အဖွဲ့အစည်းများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနဲ့ မသန်စွမ်းသူများအသင်းချုပ်မှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ကိုယ်စားလှယ်(၁၅)ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းကော်မတီအနေနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ လူမှုရေးဆိုင်ရာဝန်ကြီးများ ဦးဆောင်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်တဲ့ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ပေးခြင်းနဲ့ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ ကြီးကြပ်လမ်းညွှန်ဆောင်ရွက်ခြင်းတို့ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် အမျိုးသားကော်မတီနဲ့ ကော်မတီအဆင့်ဆင့်တို့ဟာ မသန်စွမ်းသူတွေရဲ့ အခွင့်အရေးကို ရေရှည်မြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်မယ့်အပြင် မသန်စွမ်းသူများရဲ့ အခွင့်အရေးကိစ္စတွေကိုလည်း ကဏ္ဍစုံ၊ ဘက်ပေါင်းစုံမှ ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ခြင်းဆိုင်ရာ အကောင်းဆုံးသောလုပ်ငန်း ယန္တရားတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ မသန်စွမ်းသူများအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ထောက်ပံ့မှုများပြုလုပ်ပေးနိုင်ရန် မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေ အခန်း(၁၅)ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့မှာ ဖော်ပြထားရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဥပဒေရဲ့ အခန်း(၃) ပုဒ်မ ၇၊ ပုဒ်မခွဲ(ပ)မှာ ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနဲ့ စီမံခန့်ခွဲခြင်းတို့ကို ဖွဲ့စည်းပြီးဖြစ်တဲ့ အမျိုးသားကော်မတီရဲ့ လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် ဖော်ပြထားတဲ့အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

သို့ပါ၍ မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မယ့် မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် မသန်စွမ်းသူများရဲ့ သီးသန့်ရန်ပုံငွေတစ်ရပ်ကို ထူထောင်ပြီး ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ဖို့ ဝန်ကြီးဌာနရဲ့ ရန်ပုံငွေနဲ့ ပံ့ပိုးမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူ စုစုပေါင်း (၅၄)ဦးကို တစ်ဦးလျှင် ကျပ်(၂၀၀,၀၀၀) နှုန်းနဲ့ စုစုပေါင်း ကျပ်(၁၀,၈၀၀,၀၀၀)ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ မိုင်းကြောင့် သေဆုံးသူကို တစ်ဦးလျှင် ကျပ်(၇၀၀,၀၀၀) နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ပေးခဲ့ပါတယ်။ ဒါ့အပြင် ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ တော်ခူကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ခိုကိုးရာမဲ့ မသန်စွမ်း(၆)ဦးကိုလည်း တစ်ဦးလျှင် ကျပ်(၅၀၀,၀၀၀)နှုန်းဖြင့်လည်းကောင်း၊ သာမန်မသန်စွမ်းသူ(၃၁)ဦးကို တစ်ဦးလျှင် ကျပ်

(၂၀၀,၀၀၀)နှုန်းဖြင့်လည်းကောင်း၊ ကျန်းမာရေးမကောင်းတဲ့ မသန်စွမ်းသူ(၁)ဦးကို ကျပ်(၁၀၀,၀၀၀) နှုန်းနဲ့လည်းကောင်း စုစုပေါင်းကျပ်(၉,၃၀၀,၀၀၀)ကိုလည်း ထောက်ပံ့ပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေပါ သီးသန့်ရန်ပုံငွေ ထူထောင်ပြီး ပါက ၎င်းတို့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ အခွင့်အရေးများကို အပြည့်အဝ ရရှိရေး ပိုမိုဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ ယခုအခါမှာ နိုင်ငံတော်အနေနဲ့ မသန်စွမ်းသူများ အတွက် ဥပဒေ၊ နည်းဥပဒေနဲ့ အမျိုးသားကော်မတီကို ဖွဲ့စည်းပြီး မသန်စွမ်းသူများအတွက် သီးသန့် ရန်ပုံငွေကိုလည်း ထူထောင်ဖို့ စီစဥ်ဆောင်ရွက်နေပြီဖြစ်တဲ့အတွက်ကြောင့် အခွင့်အရေးများ ပိုမို ပေးနိုင်တော့မှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ကိုးကန့်တိုင်းရင်းသားများနှင့် သက်ဆိုင်သည့် ''ကိုးကန့် အမျိုးသားနေ့''ကို တရားဝင်အသိအမှတ်ပြု သတ်မှတ်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုးကန့်တိုင်းရင်းသားများနှင့် သက်ဆိုင်သည့် "ကိုးကန့်အမျိုးသားနေ့" ကို တရားဝင် အသိအမှတ်ပြု သတ်မှတ်ပေးနိုင်မည့် အစီအစဉ်ကို သိရှိ လိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုးကန့်တိုင်းရင်းသားအရေးနဲ့ ပတ်သက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးခွန်း မေးမြန်းတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အချုပ်အခြာအာဏာပိုင်အောက်တွင် အစဥ်အဆက် နေထိုင်လာ ခဲ့သော တိုင်းရင်းသားဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ မြောက်ပိုင်းနယ်စပ်သည် ကျွန်တော်တို့ ဇာတိမြေ ဖြစ်ပြီး ယနေ့အထိ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် အခြေချနေထိုင်လုပ်ကိုင်စားသောက် လျက်ရှိပါတယ်။ ကိုးကန့်တိုင်းရင်းသားများသည် အခြားတိုင်းရင်းသားညီနောင်များကဲ့သို့ပင် ဘာသာ စကား၊ စာပေနှင့် ယဥ်ကျေးမှု၊ ရိုးရာအမွေအနှစ်များ ပိုင်ဆိုင်ထားပါတယ်။ ယနေ့ထိတိုင် မိရိုးဖလာ

အမွေအနှစ်များကို ထိန်းသိမ်းလျက် အေးအတူ ပူအမျှ လက်တွဲနေထိုင်လာခဲ့သော တိုင်းရင်းသား မျိုးနွယ်စုဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းသား မျိုးနွယ်စုများတွင် အထိမ်းအမှတ်နေ့ရက်များ ကိုယ်စီရှိကြပါတယ်။ ဥပမာ ရှမ်းပြည်နယ်တွင် ရှမ်းပြည်နယ်နေ့၊ ပအိုဝ်းအမျိုးသားနေ့၊ အင်းအမျိုးသားနေ့ စသည်ဖြင့် အထိမ်းအမှတ်ကို အစွဲပြု၍ သတ်မှတ်ထားတဲ့နေ့ရက်များ ဖြစ်ကြပါတယ်။ ၎င်းရက်များသည် တိုင်းရင်းသားကိုယ်စီ အထိမ်းအမှတ် ပြယုဂ်များပင်ဖြစ်ကြပြီး ဇာတိစိတ်၊ ဇာတိမာန် လှုံ့ဆော်ပေးခြင်းဖြင့် အစဉ်ရှင်သန် ဖွံ့ဖြိုးမှုများကို ဖြစ်ပေါ်စေပြီး သွေးစည်းညီညွတ်မှုကိုလည်း များစွာအထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားများသည်လည်း "ကိုးကန့်အမျိုးသားနေ့" ကို တစ်မျိုးသားလုံး ကိုယ်စားပြု နေ့ရက်အဖြစ် သတ်မှတ်နိုင်ရန် ယခင်လွှတ်တော်သက်တမ်းတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ဖူးပါတယ်။ သို့သော် ဒေသအခြေအနေကြောင့် သတ်မှတ်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမိုင်းဝင် ပင်လုံစာချုပ် ချုပ်ဆိုပွဲကို ၉-၂-၁၉၄၇ မှ ၁၂-၂-၁၉၄၇ အထိ ကျင်းပခဲ့ရာ ကိုးကန့်စော်ဘွား ဦးယန်ကျင့်ဆိုင် ကိုယ်တိုင်တက်ရောက်ခဲ့ပါတယ်။ ပင်လုံညီလာခံနဲ့ပတ်သက်သည့် အတွေ့အကြုံရှင်းလင်းချက်များကို ၁၉-၂-၁၉၄၇ ရက်နေ့တွင် ကိုးကန့်ဒေသ၌ ပြန်လည်မျှဝေ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၎င်း ၁၉-၂-၁၉၄၇ နေ့ရက်ကို ကိုးကန့်အမျိုးသားနေ့အဖြစ် တရားဝင်သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသဦးစီးအဖွဲ့ဝင်များ၊ ဒေသခံရပ်မိရပ်ဖများနဲ့ သဘောတူလက်ခံ ဆုံးဖြတ် ထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ "ကိုးကန့်အမျိုးသားနေ့" တရားဝင်သတ်မှတ်၍ အသိအမှတ်ပြု ပေးနိုင်ရေးအတွက် အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်တိုင်းရင်းသားများနှင့် သက်ဆိုင်သည့် "ကိုးကန့်အမျိုးသားနေ့"ကို တရားဝင် အသိအမှတ်ပြု သတ်မှတ်ပေးနိုင်မည့် အစီအစဉ်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁ဝး၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁ဝး၃၂။**

**နိုင်သက်လွင် (ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များ ကျန်းမာချမ်းသာကြပါစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင် ၏ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုးကန့်တိုင်းရင်းသားများ၏ အထိမ်းအမှတ် "ကိုးကန့်အမျိုးသားနေ့" သတ်မှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ သိရှိလိုသည့်မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားများ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားများသည် မိမိတို့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို အတူတကွ ထိန်းသိမ်းမြှင့်တင်ဖော်ဆောင်သည့်အနေနှင့် မိမိတို့၏ မျိုးနွယ်စုများအလိုက် နှစ်သစ်ကူးနေ့၊ ကောက်သစ်စားပွဲနေ့၊ အမျိုးသားနေ့များကို သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိကြပါတယ်။ ထိုကဲ့သို့သော နေ့ရက်များကို တိုင်းရင်းသားမျိုးနွယ်စု အချို့က သတ်မှတ်ထားရှိပြီး ဖြစ်ကြသော်လည်း အချို့မှာ သတ်မှတ်ထားရှိမှုမရှိကြောင်း တွေ့ရှိရပါတယ်။ တိုင်းရင်းသားမျိုးနွယ်စု၏ အမျိုးသားနေ့ သတ်မှတ်ခြင်းသည် ပါတီအဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ် အစုအဖွဲ့တစ်ခု၊ ဒေသအဖွဲ့အစည်းတစ်ခု၊ အာဏာရှိအဖွဲ့အစည်းတစ်ခု သက်ဆိုင်ခြင်းမဟုတ်ဘဲ အဆိုပါ မျိုးနွယ်စုအားလုံးနှင့် သက်ဆိုင်သည့် ကိစ္စဖြစ်ပါတယ်။

တိုင်းရင်းသားမျိုးနွယ်စုဝင်များ၏ နိုင်ငံရေးအဖွဲ့အစည်း၊ စာပေ၊ ယဉ်ကျေးမှု အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်းနှင့် တိုင်းနှင့်ပြည်နယ်များရှိ နေရာဒေသ အသီးသီးတွင် နေထိုင်ကြသော သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးနွယ်စုများအားလုံးနှင့်လည်း သက်ဆိုင်သည့်အတွက် ၎င်း၏သဘောဆန္ဒများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားမျိုးနွယ်စု၏ အမျိုးသားနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ရန် အတွက် အားလုံးပါဝင်သော ဦးစီးအဖွဲ့ကို ရွေးဦးစွာ ဖွဲ့စည်းပြီး သက်ဆိုင်ရာ တိုင်းရင်းသားမျိုးနွယ်စု အားလုံး၏ သဘောဆန္ဒကိုရယူပြီး သတ်မှတ်ရန်လည်း လိုအပ်မည်ဖြစ်ပါတယ်။ သတ်မှတ်ချက်အရ ဖြစ်ပေါ်လာသော အမျိုးသားနေ့ အခမ်းအနားကျင်းပခြင်းကို အဆိုပါ တိုင်းရင်းသားမျိုးနွယ်စုများက အသိအမှတ်ပြု ပါဝင်ဆင်နွှဲဆောင်ရွက်ရန်လည်း လိုအပ်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ "ကိုးကန့်အမျိုးသားနေ့" ကို ကမ္ဘာတစ်ဝန်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း လုံးရှိ ကိုးကန့်တိုင်းရင်းသားများ အားလုံးက ဂုဏ်ယူအသိအမှတ်ပြုပြီး ကျင်းပဆောင်ရွက်ခြင်းကသာ သင့်တော်ပါကြောင်း၊ နိုင်ငံတော်ကသတ်မှတ်၍ ဆောင်ရွက်ပေးရန် မလိုအပ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၇၇-အေ)၊ သာစည် တောင်ကွင်းတွင်ရှိသည့် မြေဧက(၇၃.၉၆)ဧကအား စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့(အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်)မှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ 　။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၇၇-အေ)၊ သာစည်

တောင်ကွင်းတွင်ရှိသည့် မြေဧက(၇၃.၉၆)ဧကအား စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်)မှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် လူဦးရေ (၂၁၆၉၅၀)ဦးရှိပြီး ကျေးရွာအုပ်စု(၇၉)အုပ်စုနဲ့ ကျေးရွာပေါင်း(၂၈၃)ရွာရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်တွင် စုစုပေါင်းစိုက်ပျိုးဧက(၉၂၆၅၈)ဧကရှိပြီး လယ်ယာမြေစိုက်ပျိုးဧက (၈၄၅၅၄)ဧက ရှိပါတယ်။ အများစုမှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ကွင်းအမှတ် (၇၇၇-အေ)၊ သာစည်တောင်ကွင်းမှာ ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာအုပ်စုတွင်ရှိတဲ့ ကွင်းတစ်ကွင်းဖြစ်ပါတယ်။ အဆိုပါ သာစည်တောင်ကွင်းမှာ ၁၉၈၂ ခုနှစ်အရှေ့ပိုင်းတွင် စားကျက်မြေနှင့် မြေလွတ်၊ မြေရိုင်းများအဖြစ်ရှိနေတဲ့ ကွင်းပြင်တစ်ခုဖြစ်ပါတယ်။

၁၉၈၂ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ကျောက်တော်သကြားစက် ဖွင့်လှစ်မှုကြောင့် အဆိုပါသကြားစက်အတွက် လိုအပ်မြေကို ညောင်ပင်လှကျေးရွာအုပ်စုမှ လယ်ယာမြေဧက(၅၀၀)ကျော်ကို သိမ်းယူခဲ့ပါတယ်။ လယ်သိမ်းခံခဲ့ရတဲ့ ညောင်ပင်လှကျေးရွာမှ လယ်သမားများအတွက် နစ်နာမှုကြောင့် အဆိုပါ (၇၇၇-အေ)၊ သာစည်တောင်ကွင်းအား ခုတ်ထွင်ရှင်းလင်းပြီး ကြံနှင့်စပါးများကို ခွင့်ပြုစိုက်ပျိုးစေခဲ့ပါတယ်။ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၏ စကခ(၉)၊ ခမရ(၃၇၅) ထောက်လှမ်းရေးတပ်တို့မှ အဆိုပါ (၇၇၇-အေ)၊ သာစည်တောင်ကွင်းမှ လယ်မြေဧက (၁၄၀)ခန့်ကို သိမ်းယူခဲ့ပါတယ်။

၂၀၁၄ ခုနှစ်တွင် လယ်သမားများ၏ တောင်းဆိုမှုအရ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော်တွင် မေးခွန်းမေးမြန်းမှုကြောင့် ၇-၁၁-၂၀၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ်အစိုးရထံသို့ အဆိုပါလယ်ယာမြေဧက (၁၄၀)အပါအဝင် လယ်ဧက စုစုပေါင်း(၄၆၂.၉၈)ဧကကို ၂၇-၁-၂၀၁၅ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်ပြီးဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ သို့သော်လည်း ယနေ့အချိန်အထိ ကွင်းအမှတ် (၇၇၇-အေ)၊ သာစည်တောင်ကွင်းတွင် စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့(ကျောက်တော်)မှ (၇၃.၉၆)ဧကကို လက်ဝယ်ထားရှိပြီး အလယ်ကျွန်းကျေးရွာနေ ဦးမာမောက် နှင့် ဦးမောင်ခင်မောင် ဆိုသူနှစ်ဦးအား သီးစားအနေဖြင့် တစ်နှစ်လျှင် တစ်ဧကကို (၂၅)တင်းနှုန်းဖြင့် သီးစားချ ငှားရမ်းလုပ်ကိုင်နေဆဲ ဖြစ်ပါတယ်။ အဆိုပါမြေမှာ မြေစာရင်းဦးစီးဌာနတွင် (၇၃.၅၆)ဧကဖြစ်နေသော်လည်း လက်ရှိမြေပြင်တွင် လယ်ဧက (၁၀၀)နီးပါးလောက်ရှိနေတယ်ဟု သိရပါတယ်။

အဆိုပါ (၇၇၇-အေ)၊ သာစည်တောင်ကွင်းမှာ တပ်တည်နေရာနှင့် တစ်ဆက်တစ်စပ်တည်း မရှိတဲ့အပြင် (၁၀)မိုင်ကျော်လောက်ဝေးကွာပြီး တပ်မြေများ သိမ်းဆည်းမှုနှင့်ပတ်သက်၍ မူဝါဒ(၃)ချက်တွင်လည်း အရပ်သားများအား သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ မပြုရ၊ တပ်၊ ဌာနချုပ်များ၏ လုံခြုံရေးလိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်း လိုအပ်ချက်များအတွက် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးမြေဧရိယာ အကျယ်အဝန်းကိုသာ တိုင်းတာတွက်ချက်ရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်နှံရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးရန်ဟု ပါရှိပါတယ်။

အဆိုပါ မူဝါဒများအရဆိုလျှင် ယခုသိမ်းဆည်းမြေမှာ ကိုက်ညီမှု ရှိ/မရှိ သုံးသပ်ပေးရန် လိုအပ်မည်ဟု ထင်မြင်မိပါတယ်။ အဆိုပါ (၇၇၇-အေ)၊ သာစည်တောင်ကွင်းအား အစကနဦး ခုတ်ထွင်ရှင်းလင်း လုပ်ကိုင်ခဲ့သည့် တောင်သူလယ်သမားများအနေဖြင့် မိအေးနှစ်ခါနာဖြစ်နေသလို လယ်မဲ့ယာမဲ့ဘဝ ရောက်ရှိခဲ့ရပြီ ဖြစ်ပါတယ်။ နစ်နာမှုရှိပါသောကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၇၇-အေ)၊ သာစည်တောင်ကွင်းတွင်ရှိသည့် မြေဧက(၇၃.၉၆)ဧကအား စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့(အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်)မှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၇၇-အေ)၊ သာစည်တောင်ကွင်းတွင်ရှိသည့် မြေဧက (၇၃.၅၆)ဧကအား စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်)မှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းပါ ကျောက်တော်မြို့နယ်၊ မင်းသားတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၇၇-အေ)၊ သာစည်တောင်ကွင်းရှိ မြေဧက(၇၃.၅၆)ဧကဟာ ၁၉၉၈-၁၉၉၉ ခုနှစ်တွင် ယခင် အမှတ်(၁၀)ထောက်လှမ်းရေးတပ်မှ သိမ်းဆည်းခဲ့သောမြေနေရာဖြစ်ပြီး စတင်သိမ်းဆည်းစဉ်က

ဇင်းမြေမှာ အစိုးရ၏စီမံခန့်ခွဲပိုင်ခွင့်ရှိသော စားကျက်မြေများဖြစ်ပါတယ်။ အဆိုပါမြေ (၇၃.၅၆)ဧကအား ရခိုင်ပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၀၀၄ ခုနှစ်၊ ဧပြီလ ၁ ရက် ရက်စွဲပါ ရုံးအမိန့်အမှတ် (၆၈/၂၀၀၄) အရ စားကျက်မြေ ပယ်ဖျက်ခွင့်အမိန့်ရရှိခဲ့ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားချက်အရ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်)အမည်ဖြင့် ပြောင်းလဲမှတ်ပုံတင် ထားပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါမြေ (၇၃.၅၆)ဧကနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ရာ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်) မှ လက်ရှိလုပ်ကိုင်လျက်ရှိသော မြေမှာ (၉၈.၅၀)ဧကဖြစ်နေပါတယ်။ မြေ(၂၄.၉၄)ဧက ပိုမိုလုပ်ကိုင်လျက်ရှိပြီး အဆိုပါမြေမှာလည်း အစိုးရ၏စီမံခန့်ခွဲပိုင်ခွင့်ရှိသော စားကျက်မြေများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါမြေ (၉၈.၅၀)ဧကအနက် စားကျက်မြေ ပယ်ဖျက်ခွင့်ပြုမိန့် ရရှိထားပြီးဖြစ်သည့် (၇၃.၅၆)ဧကအား တပ်မှ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပိုမိုလုပ်ကိုင်လျက်ရှိတဲ့ စားကျက်မြေ (၂၄.၉၄)ဧကအား ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့ဘဲ အစိုးရ၏စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် စားကျက်မြေအဖြစ်သာ ဆက်လက်ထားရှိသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ သီးစားချထားခြင်းအနေနဲ့ ကျွန်တော်တို့ တစ်လလျှင် လယ်ယာလုပ်သား လယ်တစ်ဧကအတွက် စပါး(၂၅)တင်းဖြင့် ငှားရမ်းလုပ်ကိုင်နေကြောင်း ဖော်ပြထားသော်လည်း တကယ်လက်တွေ့မှာတော့ သီးစားချထားခြင်းမရှိဘဲ စပါးစတင်ထွန်ယက်စိုက်ပျိုးချိန်မှ ရိတ်သိမ်းပြီးချိန်အထိ ငှားရမ်းခ ငွေ(၃၀၀၀၀၀)ကျပ်ဖြင့် အလုပ်သမား(၂)ဦးအား ငှားရမ်းလုပ်ကိုင်စေခဲ့ခြင်းသာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်)အနေဖြင့် ယခင်က ကျောက်တော်မြို့နယ်အတွင်းရှိ တပ်ပြင်ပမြေအဖြစ် တောင်ထောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၂၅)၊ ငါးသန်ပူးကွင်း၊ ဦးပိုင်အမှတ်(၂၇၆)ရှိ မြေဧက၊ မြေဧရိယာ(၁၄၀)ဧကနှင့် မင်းသားတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၇၇-အေ)၊ သာစည်တောင်ကွင်းရှိမြေ(၇၃.၅၆)ဧက၊ စုစုပေါင်း(၂၁၃.၅၆)ဧက သာရှိခဲ့ပါတယ်။ ယခင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ၏ မေးခွန်းပါ မြေဧရိယာမှာလည်း(၁၄၀)ဧကဟု ဖော်ပြမေးမြန်းခဲ့သဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ စွန့်လွှတ်အပ်နှံပြီးပြီဖြစ်သည့် တောင်ထောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၂၅)၊ ငါးသန်ပူးကွင်း၊ ဦးပိုင်အမှတ်(၂၇၆)မြေရှိ မြေ(၁၄၀)ဧကအား ဖြေကြားခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ တပ်ဧရိယာပြင်ပ စိုက်ပျိုးမြေ (၇၃.၅၆)ဧကသည် စားကျက်မြေ ပယ်ဖျက်ခွင့်ပြုမိန့် ရရှိထားပြီးဖြစ်ခြင်း၊ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်)၏ အမည်ဖြင့် မှတ်ပုံတင်ရရှိထားပြီးဖြစ်ခြင်းနှင့် တပ်မှ နှစ်စဉ်စပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ပိုမိုလုပ်ကိုင်လျက်ရှိသည့် (၂၄.၉၄)ဧကအား ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့ဘဲ အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် စားကျက်မြေအဖြစ်သာ ဆက်လက်ထားရှိသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေးလိုက်။ မိုက်ပေးလိုက်ပါဦး။

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ကျွန်တော်တို့ စလုပ်တုန်းက (၂၉၄.၉၂)ဧကပါ။ လက်ရှိ ရှိတဲ့မြေက။ အဲဒီမှာ စားကျက်မြေ ပယ်ဖျက်ခွင့်က (၇၃.၅၆)ဧက ဖြစ်ပါတယ်။ စားကျက်မြေ ပယ်ဖျက်ခွင့်လုပ်တုန်းက ကျွန်တော်တို့ အစိုးရလုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ခဲ့ခြင်းရှိ၊ မရှိကိုလည်း ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံပါတယ်။

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါတဲ့ စားကျက်မြေဧကနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အဖြေမှာလည်း ပါရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ စားကျက်မြေ စတင်လုပ်ကိုင်စဉ်ကနေပြီးတော့ လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီထဲမှာ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်ခြင်းမရှိတာတော့ (၂၄.၉၄)ဧကဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ဆက်လက်လုပ်ဆောင်ခြင်းမရှိပါဘူး။ နဂိုကတည်းက စတင်သိမ်းဆည်းစဉ်တုန်းကလည်း၊ ကျွန်တော်တို့ စတင်လုပ်ကိုင်စဉ်တုန်းကလည်း စားကျက်မြေကိုသာ ကျွန်တော်တို့ ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက်ကြောင့် အခု ကျွန်တော်တို့ ပြန်လည်စွန့်လွှတ်တဲ့အခါမှာလည်း အစိုးရရဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိသော စားကျက်မြေအဖြစ်သာ ဆက်လက်ထားရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ (၇၃.၅၆)ဧကမှာတော့ ကျွန်တော်တို့ (၂၄.၉၄)ဧကတစ်ခုတည်း ကျွန်တော်တို့အနေနဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ကျန်ဧကများကတော့ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပြီးတော့ တပ်ပိုင်မြေအဖြစ် ရရှိထားပြီးဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၄၄**။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနတွင် ထုတ်ဝေခြင်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားရယူ၍ ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချသော စာအုပ်၊ စာပေ၊ စာစောင်များ၊ နိုင်ငံတော်က သတ်မှတ်ထားသော ကုန်သွယ်မှုနည်းလမ်းများဖြင့် ပြည်ပမှတင်သွင်းရောင်းချသော စာအုပ်၊ စာပေ၊ စာစောင်များနှင့် ဆက်နွယ်သော ဝန်ဆောင်မှု Supply Chain တစ်ခုလုံးကို ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆**။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်က ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနတွင် ထုတ်ဝေခြင်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားရယူ၍ ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချသော စာအုပ်၊ စာပေ၊ စာစောင်များ၊

နိုင်ငံတော်က သတ်မှတ်ထားသော ကုန်သွယ်မှုနည်းလမ်းများဖြင့် ပြည်ပမှတင်သွင်းရောင်းချသော စာအုပ်၊ စာပေ၊ စာစောင်များနှင့် ဆက်နွယ်သော ဝန်ဆောင်မှု Supply Chain တစ်ခုလုံးကို ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ အခြားသူများ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ် ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနတွင် ထုတ်ဝေခြင်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားရယူ၍ ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချသော စာအုပ်၊ စာပေ၊ စာစောင်များ၊ နိုင်ငံတော်က သတ်မှတ်ထားသော ကုန်သွယ်မှုနည်းလမ်းများဖြင့် ပြည်ပမှတင်သွင်းရောင်းချသော စာအုပ်၊ စာပေ၊ စာစောင်များနှင့် ဆက်နွယ်သော ဝန်ဆောင်မှု Supply Chain တစ်ခုလုံးကို ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမေးခွန်းကို မေးရတဲ့အကြောင်းအရင်းနဲ့ ပတ်သက်ပြီး ကျွန်တော် အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တစ်ချိန်တုန်းက ဆိုလို့ရှိရင် စာအုပ်စာပေ လူ့မိတ်ဆွေ၊ စာပေမြင့်မှ လူမျိုးတင့်မည် စတဲ့ကြွေးကြော်သံတွေ တွင်တွင်ကျယ်ကျယ် ထွန်းကားခဲ့ပါတယ်။ အဲဒီကြွေးကြော်သံတွေ ထွန်းကားခဲ့တာနဲ့အညီလည်း လွန်ခဲ့တဲ့ (၁၅)နှစ်ကျော် အနှစ်(၂၀)လောက်တုန်းက ကျွန်တော်တို့နိုင်ငံမှာ စာအုပ်၊ စာပေတွေ တော်တော်ထွန်းကားခဲ့တယ်။ ဥပမာ ကျွန်တော်တို့ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ (၂၀၀)ကျော်ထုတ်ဝေတယ်။ အဲဒီအချိန်တုန်းက။ နောက်ပြီးတော့ လစဉ်လည်း လုံးချင်းစာအုပ်တွေ၊ ဘာသာပြန်စာအုပ်တွေ၊ လုံးချင်းဝတ္ထုတွေ၊ Essay တွေ၊ ဒဿနစာအုပ်တွေ၊ ပညာပေးစာအုပ်တွေ၊ လစဉ် (၁၀)အုပ်ထက်မနည်း ထုတ်ဝေနိုင်ခဲ့တယ်။

အဲဒီတော့ အဲဒီခေတ်တုန်းက ဒီ ကျွန်တော်တို့ ရပ်ကွက်တွေမှာလည်း ရပ်ကွက် စာကြည့်တိုက်တွေ အများအပြားရှိခဲ့တယ်။ ရပ်ကွက်တွေမှာလည်း စာအုပ်အငှားဆိုင်တွေ အများအပြား ရှိခဲ့ပါတယ်။ အဲဒီလိုရှိတဲ့အတွက် ကျွန်တော်တို့ စာအုပ်၊ စာပေတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ယဉ်ကျေးမှုကို အထောက်အကူအများကြီး ပြုနိုင်ခဲ့သလို၊ ပြည်သူတွေရဲ့ စိတ်ဓာတ်တွေ၊ ပညာတွေ အထူးသဖြင့် လူငယ်တွေကို အသိပညာပေးနိုင်ခဲ့တယ်။ လူငယ်တွေဟာ ငယ်စဉ်ဘဝကတည်းက စာအုပ်ဖတ်တဲ့ ဝါသနာပါလို့ရှိရင် ကြီးတဲ့အထိ စာအုပ်တွေ့ရင် ဖတ်ချင်တဲ့စိတ်ဓာတ်တွေကို လူငယ်တွေကို ရိုက်သွင်း ပေးနိုင်ခဲ့တယ်။ အဲဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားဂုဏ်ကို ထိပါး သိက္ခာကျ စေတဲ့ ရာဇဝတ်မှုခင်းတွေ မရှိသလောက်ကိုနည်းခဲ့တယ်။ အတော်လေးလည်း ရှားပါးခဲ့တယ်။ ဒါပေမယ့် လက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့နိုင်ငံမှာ စာအုပ်၊ စာပေတွေက ဘယ်လိုဖြစ်နေသလဲဆိုတော့

ကျွန်တော်တို့ သတင်းစာနဲ့ ဂျာနယ်(၁၀)စောင်တောင် မပြည့်အောင် လက်ရှိထုတ်နေရပါတယ်။ နောက်ပြီးတော့ လုံးချင်းဆိုတာလည်း တစ်လ၊ တစ်လကို မထွက်နိုင်တဲ့လတွေက များနေတယ်။

အဲဒီလိုဖြစ်တာတွေဟာ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ စရိတ်တွေကြီးလို့ပါပဲ။ စာအုပ်၊ စာပေတွေရဲ့ ဈေးနှုန်းတွေကြီးတယ်။ စာအုပ်ထုတ်တဲ့အကြောင်းရင်း(၂)ခု ရှိပါတယ်။ စာအုပ်ထုတ်တဲ့ စရိတ်တွေ ကြီးတယ်။ ပုံနှိပ်ခတွေ၊ စက္ကူခတွေ ကြီးသလို ကျန်တဲ့အပိုင်းမှာလည်း ဒီ အင်တာနက်၊ မီဒီယာတွေက ကျွန်တော်တို့ ထွန်းကားလာတဲ့အတွက် တော်တော်လေးကို ကျွန်တော်တို့စာပေတွေမှာ အခက်အခဲတွေ့နေရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ တစ်ချိန်တုန်းက ဒီမိုကရေစီနိုင်ငံမှာ နိုင်ငံပိုင် သတင်းစာဆိုတာမရှိရဘူးလို့ ပြောနေတဲ့အသံတွေကို ကြားရပေမယ့် ဒီနေ့ အဲဒီအသံတွေဟာ ဆိတ်သုဉ်းသွားပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ တော်တော်လေးကို စာရေးဆရာတွေဆိုလို့ရှိရင်လည်း ကျွန်တော်တို့ စာပေမရေးနိုင်ဘူး။ စာရေးဆရာတွေ၊ ကဗျာဆရာတွေ ကဗျာမစပ်နိုင်ဘူး။ တခြား အလုပ်တွေလုပ်နေရတယ်။ မုန့်ဟင်းခါးရောင်းနေရတယ်။ ညစောင့်ဝင်လုပ်နေရတယ်။ အဲဒါမျိုးတွေ၊ ဝမ်းနည်းစရာတွေ ကျွန်တော်တို့ တွေ့နေရပါတယ်။ အဲဒီတော့ တစ်ဖက်က Digital Media နဲ့ ကျွန်တော်တို့ Facebook တွေပဲ အများဆုံးထွန်းကားနေတယ်။ အဲဒီလိုထွန်းကားတဲ့အတွက် ဥပမာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ Digital Media သုံးစွဲမှုက (၅၂)ရာခိုင်နှုန်းရှိတယ်။ ကမ္ဘာမှာ (၃၆)ရာခိုင်နှုန်းပဲရှိတယ်။ မြန်မာနိုင်ငံမှာ Digital Media သုံးမှုက (၅၂)ရာခိုင်နှုန်း၊ ပုံနှိပ်မီဒီယာက (၄၈)ရာခိုင်နှုန်း၊ ကမ္ဘာမှာက Digital Media (၃၆)ရာခိုင်နှုန်းနဲ့ အစဉ်အလာ ပုံနှိပ်မီဒီယာက (၆၄)ရာခိုင်နှုန်း ရှိနေပါတယ်။

အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ၊ အဲဒီလိုအခြေအနေမျိုးမှာ ဒီအစိုးရအနေနဲ့ ကျွန်တော်တို့ရဲ့ စာအုပ်၊ စာပေ၊ မီဒီယာလောက ပြန်လည်ဖွံ့ဖြိုးဖို့အတွက်ကို ကူညီဖို့လိုမယ်လို့ ထင်ပါတယ်။ အဲဒါကြောင့်မို့လို့ အခု ကျွန်တော် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ စာအုပ်၊ စာပေတွေ အရင်တုန်းကလိုပဲ ထုတ်နိုင်ရေး၊ စာကြည့်တိုက် ယဉ်ကျေးမှုလည်း ထွန်းကားရေး၊ ရပ်ကွက်တိုင်းမှာ စာကြည့်တိုက်တွေ ထွန်းကားရေးအတွက် ကျွန်တော်တို့လုပ်နိုင်ဖို့ဟာ စာအုပ်တွေရဲ့ဈေးနှုန်း၊ ဂျာနယ်တွေရဲ့ဈေးနှုန်းတွေ လျှော့ကျဖို့လိုပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီကုန်သွယ်ခွန်၊ လုပ်ငန်းခွန် ကောက်ခံခြင်းကို ကျွန်တော်တို့ လျှော့ချပေးဖို့ Supply Chain တစ်ခုလုံး ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုဖို့ အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို ကျွန်တော် မေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နိုင်ငံတော်ရှိ ရေးဆွဲပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထု လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရေးအတွက် အခမဲ့ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း က နိုင်ငံတော်ရှိ ရေးဆွဲပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထု လွယ်လင့်

တကူ လေ့လာဖတ်ရှုနိုင်ရေးအတွက် အခမဲ့ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးစောစိန်ထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်ဝပါစေ။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်း ဖြစ်ပါတယ်။ ဒီနေ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော်မေးမြန်းသိရှိလိုတဲ့ မေးခွန်းကတော့ နိုင်ငံတော်ရှိ ရေးဆွဲပြဋ္ဌာန်း ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထုအများ လွယ်လင့်တကူ လေ့လာဖတ်ရှု နိုင်ရေးအတွက် အခမဲ့ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဤမေးခွန်းကိုဘာကြောင့် ကျွန်တော်မေးသလဲဆိုရင် ကျွန်တော်တို့ နိုင်ငံတစ်ခုဖွံ့ဖြိုးရေး၊ နိုင်ငံတစ်ခုရဲ့တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနဲ့ စည်းလုံးရေးအတွက်ဟာ၊ နိုင်ငံရဲ့တရားဥပဒေစိုးမိုးရေးဟာ အလွန်အရေးကြီး လိုအပ်လျက်ရှိပါတယ်။ ဒါ့အပြင် အဲဒီတရားဥပဒေ စိုးမိုးနိုင်ဖို့အတွက် ပြည်သူလူထုအများဟာ ဥပဒေများ၊ နည်းဥပဒေများသိရှိရန် လိုအပ်လျက် ရှိပါတယ်။ နိုင်ငံတော်ရှိ ပြည်သူလူထုများဟာ ဥပဒေများသိရှိမှသာလျှင် ဥပဒေရဲ့အကာအကွယ် သိရှိ ခံစားလာနိုင်မှာဖြစ်ပါတယ်။ ဥပဒေရဲ့ လေးစားလိုက်နာတတ်တဲ့ အလေ့အကျင့်များ၊ ဥပဒေများကို ဝေဖန်သုံးသပ်တတ်တဲ့အကျင့်များ၊ အခြေခံကောင်းများ ရရှိလာမည်ဖြစ်ပါတယ်။

ယနေ့ ကျွန်တော်တို့ ပြည်သူလူထုအများစုဟာ ကျေးလက်တောရွာများတွင် ရှိခဲ့ပါတယ်။ မိမိရဲ့ဘဝရှင်သန်ရေးအတွက်သာ အဓိကရုန်းကန်လှုပ်ရှားနေထိုင်ကြောင်း တွေ့ရှိရပါတယ်။ မိမိနိုင်ငံမှာ ပြဋ္ဌာန်းခဲ့တဲ့၊ ထုတ်ပြန်ခဲ့တဲ့ ဥပဒေများကို သိရှိလေ့လာနိုင်မှု လွန်စွာ အားနည်းလျက်ရှိနေကြောင်း တွေ့ရှိရပါတယ်။ အထူးသဖြင့် ကျွန်တော့်ရဲ့မဲဆန္ဒနယ် လွှတ်တော်နားသောအချိန်မှာ ကျွန်တော်တို့ လူထုများနဲ့ တွေ့လျက်ရှိပါတယ်။ တချို့သောကျေးရွာအများစုဟာ ကျွန်တော်တို့နိုင်ငံမှာ ထုတ်ပြန်ခဲ့တဲ့ ဥပဒေတောင်မှ ယနေ့တိုင်ထိ မတွေ့ရှိခဲ့ပါဘူး။ ထို့ကြောင့် နိုင်ငံသားများ ဥပဒေ သိရှိနိုင်မှုဟာ ဘယ်လောက်အလှမ်းကွာဝေးလဲ။ ဥပဒေများကို လိုက်နာနိုင်ဖို့၊ စောင့်ရှောက်နိုင်ဖို့အတွက် မည်မျှ ဝေးလဲဆိုရင် ကျွန်တော်တို့အားလုံး သုံးသပ်တွေ့ရှိနိုင်မည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေစာအုပ်ကိုပင် မတွေ့ဖူးတဲ့ ကျေးလက်လူထုအများစုဟာ ဤဥပဒေ စာအုပ်များကို ဖတ်ရှုလေ့လာနိုင်ဖို့ အလွန်ပင် အလှမ်းဝေးလျက်ရှိပါတယ်။ နိုင်ငံတော် ဘက်စုံ တည်ဆောက်ရေးမှာ၊ နိုင်ငံတော်ဖွံ့ဖြိုးရေးမှာ ကျေးလက်ပြည်သူလူထုအများစုရဲ့ ပါဝင်မှုဟာ အရေးကြီးဆုံး အခန်း၌ ပါဝင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံသည် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ လူတန်းစားအများကြီးရှိခဲ့ပါတယ်။ ကျေးလက်ဒေသမှာ အများဆုံးနေထိုင်ခဲ့ပါတယ်။ တောင်သူ လယ်သမားများဟာ တောင်သူလယ်သမားနဲ့သက်ဆိုင်တဲ့ဥပဒေများ၊ အလုပ်သမားများဟာ အလုပ် သမားများနဲ့သက်ဆိုင်တဲ့ ဥပဒေ၊ နည်းဥပဒေများ သိရှိနားလည်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်ရှိ ပြည်သူလူထုအများစုဟာ ယနေ့ ကျွန်တော်တို့ မျက်မှောက်ခေတ်နိုင်ငံတော်မှာ ထုတ်ပြန်ခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေများကို သိရှိနိုင်ဖို့ လွန်စွာအရေးကြီးလျက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ၊ ကျောင်းမှာ ပညာရေးသင်ရိုးညွှန်းတမ်းများကို အခမဲ့ဖြန့်ဝေသလို နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထုအတွက် စီစဉ်၍ အခမဲ့ဖြန့်ဝေပေးနိုင်ရေး အများကြီးလိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထု ကိုယ်စား ကျွန်တော် မေးမြန်းချင်တဲ့ မေးခွန်းကတော့ ယနေ့ နိုင်ငံတော်မှာထုတ်ပြန်ခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထုများ လွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် အခမဲ့ဖြန့်ဝေ ပေးရန် အစီအစဉ် ရှိ/မရှိ ပြည်သူလူထုကိုယ်စား သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးပဲ မင်္ဂလာပါ။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၄။**

**ဦးအောင်လှထွန်း (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးအောင်လှထွန်း ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော့်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ်ရဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတွင် ထုတ်ဝေခြင်း အသိအမှတ်ပြု လက်မှတ် လျှောက်ထားရယူ၍ ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချသော စာအုပ်၊ စာစောင်များ၊ နိုင်ငံတော်က သတ်မှတ်ထားသော နည်းလမ်းများဖြင့် ပြည်ပမှတင်သွင်းရောင်းချသော စာအုပ်၊ စာစောင်များနှင့် ဆက်နွှယ်သော ဝန်ဆောင်မှု Supply Chain တစ်ခုလုံးကို ကုန်သွယ်မှုလုပ်ငန်းခွန် ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ မေးမြန်းခဲ့တဲ့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ် ကို အထူးပင် ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပုံနှိပ်ခြင်းလုပ်ငန်း လုပ်ကိုင်သူများ၊ ထုတ်ဝေခြင်းလုပ်ငန်း လုပ်ကိုင်သူများ၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်တဲ့ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနဲ့အညီ အသိအမှတ်ပြုလက်မှတ် ကိုသာ ထုတ်ပေးခြင်းဖြစ်ပါတယ်။ ယင်းလုပ်ငန်းများ လုပ်ကိုင်သူတွေအပေါ် စည်ပင်သာယာရေးအဖွဲ့မှ

လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းအပေါ် ဝင်ငွေခွန်၊ အမြတ်ခွန် ကောက်ခံခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်း စတဲ့လုပ်ငန်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်သွားရမှာဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သီးခြား ဆောင်ရွက်ရန်မရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

သို့သော်လည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်တွင်းပုံနှိပ်မီဒီယာလောက ရှင်သန် ဖွံ့ဖြိုးရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ မေတ္တာရပ်ခံမှုများအရ ပြည်တွင်းမှာ ပုံနှိပ် ထုတ်ဝေရောင်းချတဲ့ စာအုပ်၊ စာစောင်များ၊ ကုန်သွယ်မှုနည်းလမ်းများဖြင့် ပြည်ပမှတင်သွင်းရောင်းချတဲ့ စာအုပ်၊ စာစောင်များနှင့် ဆက်နွယ်သော ဝန်ဆောင်မှု Supply Chain တစ်ခုလုံးကို ကုန်သွယ်ရေး လုပ်ငန်းခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပေးပါရန် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ညှိနှိုင်းပေးခဲ့ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီး ဌာနအနေဖြင့် ပြည်တွင်းတွင် စာအုပ်၊ စာပေ၊ စာစောင်များ ထုတ်လုပ်ရောင်းချခြင်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျပ်(၂၈၀.၅၇၈)သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၇၂၅.၇၀၁) သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ်(၆၂၃.၁၇၆)သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလအထိ (၂၃၆.၂၈၄)သန်း ကောက်ခံရရှိခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားရှိသော ကုန်သွယ်လုပ်ငန်းခွန် မကျသင့်တဲ့ ကုန်စည်များမှာ အကျုံးဝင်ခြင်းမရှိပါ။

သို့သော်လည်း ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေရေးဆွဲချိန်တွင် ပြဋ္ဌာန်းမယ့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုဆုံးဖြတ်ရမှာဖြစ်ပါတယ်။ သို့ပါ၍ ကိုယ်စားလှယ်တော်ကြီးမှ စာအုပ်၊ စာပေ၊ စာစောင်များအပေါ် ကုန်သွယ်မှုလုပ်ငန်းခွန် ကင်းလွတ်ခွင့် ပြဋ္ဌာန်းရရှိနိုင်ရေးကို လွှတ်တော်တွင် ဝင်ရောက်ဆွေးနွေးဆုံးဖြတ်မှု ခံယူသင့်ပါကြောင်းနဲ့ ကင်းလွတ် ခွင့်များပေးပါက ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ကောက်ခံရရှိနိုင်တဲ့ ကျပ်သန်းပေါင်းများစွာ အခွန် ဘဏ္ဍာငွေများ ဆုံးရှုံးနိုင်ဖွယ်ရှိသည်ကိုလည်း ချင့်ချိန်ထည့်သွင်း ဆွေးနွေးသင့်ပါကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြန်လည်ညှိနှိုင်း အကြောင်းကြားလာပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အများပြည်သူအတွက် အသိပညာ ဗဟုသုတတိုးတက်စေမယ့် စာအုပ်၊ စာပေ ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသည့်အတွက် အခွန်အကောက်များ လျှော့ချပေးမည်ဆိုပါက ထောက်ခံပါကြောင်း၊ သို့သော်လည်း အခွန်ဘဏ္ဍာကိစ္စရပ်များမှာ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုနယ်ပယ်တွင် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အခု ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရဲ့ကိုယ်စား ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရှိ ရေးဆွဲပြဋ္ဌာန်းထုတ်ပြန် ခဲ့တဲ့ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထုအများ လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရေးအတွက်

အခမဲ့ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်း၍ မေးမြန်းခဲ့တဲ့ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်း ကို အထူးပင် ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေ ၊ နည်းဥပဒေတွေနဲ့ ဆက်စပ်နေတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၂)ရက်နေ့မြောက် အမျိုးသားလွှတ်တော် စတုတ္ထအကြိမ်ပုံမှန် အစည်းအဝေးမှာ ရှင်းလင်းတင်ပြခဲ့ဖူးပါတယ်။

အဲဒီတုန်းက အတည်ပြုပြဋ္ဌာန်းလိုက်သော နည်းဥပဒေများကို အများပြည်သူ ပွင့်လင်းမြင်သာစွာ လိုက်နာစောင့်ကြည့်နိုင်ရန်အတွက် နိုင်ငံတော်မှ ထုတ်သောနှစ်အလိုက် ပြဋ္ဌာန်းဥပဒေစာအုပ်များမှ နည်းဥပဒေပြဋ္ဌာန်းချက်များကိုလည်း ယခင်ခေတ်များအတိုင်း ထည့်သွင်းဖော်ပြပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်းဆိုတဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ ထိုစဉ်က ဖြေကြားခဲ့ရာမှာ အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ၊ နည်းဥပဒေများကို ဥပဒေရေးဆွဲခဲ့တဲ့ သက်ဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများက ယင်းတို့၏ အစီအစဉ်ဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိတဲ့ အပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့က အတည်ပြုထုတ်ပြန်ပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေများကို မြန်မာနိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းဖော်ပြ ဖြန့်ချိပေးလျက်ရှိပါကြောင်း၊ ဒါ့အပြင် ပြန်ကြားရေးဝန်ကြီးဌာနကို ပုံနှိပ်ပေးရန် အပ်နှံလာပါက အဖိုးနှုန်း ချိုသာစွာနှင့် ပုံနှိပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထုတ်ဝေတဲ့ ဥပဒေ၊ နည်းဥပဒေများကိုလည်း စာပေဗိမာန် စာအုပ်အရောင်းဆိုင်များရှိသည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ပြည်သူများ အလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်ရန် ရောင်းချပေးလျက်ရှိပါကြောင်း ဖြေကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် လက်ရှိပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဘဏ္ဍာငွေ ခွင့်ပြုမှုအနေအထားနဲ့ လုပ်ငန်းများ ဆောင်ရွက်ရတဲ့ပမာဏ၊ မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေနဲ့ ဖြန့်ချိရမယ့် ပမာဏတို့အရ အခမဲ့ ဖြန့်ဝေမယ်ဆိုရင် ဘဏ္ဍာငွေ လိုအပ်ချက်များစွာ ရှိနေပါတယ်။ လက်ရှိအခြေအနေမှာ ဆောင်ရွက်နိုင်တဲ့ အနေအထား မရှိသေးပါ။ ဒီအတွက် ဘဏ္ဍာငွေ သီးခြားတောင်းခံပြီး ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုမှသာ ဆောင်ရွက်ပေးနိုင်မယ့်အခြေအနေ ဖြစ်ပါတယ်။ သို့သော်လည်း အခမဲ့ မဖြန့်ဝေနိုင်တာကလွဲလို့ နိုင်ငံနဲ့တစ်ဝန်း ပြည်သူများ လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်အောင် အောက်ပါအတိုင်း စီစဉ် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

(က) နိုင်ငံတော်က ထုတ်ပြန်တဲ့ ဥပဒေ၊ နည်းဥပဒေများ အားလုံးကို ပြန်ကြားရေးဝန်ကြီးဌာန Webportal www.moi.gov.mm နဲ့ စာပေဗိမာန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Website များတွင်လည်း ပြည်သူများ အချိန်မရွေး အခမဲ့ဖတ်ရှုနိုင်ရန် လွှင့်တင်ထားမှာဖြစ်ပြီး အခမဲ့ Download ပြုလုပ်နိုင်ရန် စီစဉ်ထားရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ

ဖွင့်လှစ်ထားရှိတဲ့ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်ပေါင်း(၄၁၇)ခုမှာလည်း ထုတ်ပြန်ပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေများကို တစ်စုတစ်စည်းတည်း လွယ်လင့်တကူ ဖတ်ရှုနိုင်အောင် စီစဉ်ထားရှိသွားမှာ ဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့်တက်ပြီး ပုဂ္ဂလိကစာကြည့်တိုက်တွေမှာ ဥပဒေ၊ နည်းဥပဒေစာအုပ်တွေ ထားရှိနိုင်ဖို့အတွက် တစ်ဖက်က မေတ္တာရပ်ခံသလို မျှတနိုင်တဲ့ ဘဏ္ဍာငွေပေါ်မူတည်ပြီး ပေးပို့ရန် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ယင်းကိစ္စရပ်တွေကို ဆောင်ရွက်နိုင်ဖို့ ဘဏ္ဍာငွေ လျာထားပြီး တင်ပြသွားမှာဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဥပဒေကြမ်းမှာပါတဲ့ အခန်း(၃) အပိုဒ် ၄၊ အပိုဒ် ၅၊ အခန်း(၄) အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ နဲ့ အခန်း(၅) အပိုဒ် ၉ တို့နှင့် စပ်လျဉ်းပြီးတော့ ပြောင်းလဲပြင်ဆင်ရမည့် အချက်များကို မူနဲ့ ဥပဒေကြမ်းပါ အချက်တွေ ယှဉ်တွဲပြီးတော့ ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါဟာ ဥပဒေကြမ်းပါ မူပိုင်ခွင့်စီမံခန့်ခွဲခြင်းပုံစံ ဖြစ်ပါတယ်။ ဗဟိုကော်မတီ ရှိပါတယ်။ ပြီးတဲ့ အခါမှာ Agency၊ ပြီးတဲ့အခါမှာ မူပိုင်ခွင့်ဦးစီးဌာနနဲ့ သူ့အောက်မှာ အခြားသော ဌာနတွေ ရှိပါတယ်။ ဒါဟာ ဥပဒေကြမ်းမှာပါတဲ့ ဗဟိုကော်မတီနဲ့ Agencyတို့ရဲ့ ဖွဲ့စည်းတဲ့ပုံစံပါ။ ဒီ ဥပဒေကြမ်းမှာရှိတဲ့ Agency ဟာ ဒါ Governmental Agency ပုံစံ သဘောပါပဲ။ ဥပဒေကြမ်းအရ Agency ရဲ့ ဥက္ကဋ္ဌဟာ ဗဟိုကော်မတီမှာ အတွင်းရေးမှူး ဖြစ်ပါတယ်။

အဲဒီတော့ Agency ဥက္ကဋ္ဌဟာ စီမံခန့်ခွဲတတ်ရုံမကဘဲ မိမိလက်အောက်မှာရှိတဲ့ အဖွဲ့အစည်းတွေကို ခေါင်းဆောင်မှုပြုနိုင်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတချို့တွေမှာဆိုရင် ဗဟိုကော်မတီ တစ်ဖြစ်လဲ Governmental Agency အဖြစ် ထားရှိပြီးတော့ အခြား Agency တွေကို ထပ်မံပြီး အားကောင်းအောင် ဖြည့်ဆည်းတာတွေ ရှိပါတယ်။ နိုင်ငံတချို့မှာကျတော့ ဗဟိုကော်မတီမပါဘဲ IP Office ရုံးတွေတစ်ဖြစ်လဲ Agency အဖြစ် ထားရှိပြီး ဆောင်ရွက်တဲ့စနစ်ပုံစံဖြစ်ပါတယ်။ အခုပုံစံ အရဆိုရင် ဦးစီးဌာနဟာ တကယ့်ကို အားပျော့နေပြီးတော့ Agency ဥက္ကဋ္ဌကိုရော၊ ပြည်ထောင်စု

ဝန်ကြီးကိုပါ တာဝန်ခံရမယ့်သဘောပါ။ ဩစတြေးလျ၊ စင်ကာပူ၊ ဖိလစ်ပိုင်နိုင်ငံတို့ရဲ့ IP ပုံစံဟာ တစ်ခုနဲ့တစ်ခု အလားသဏ္ဌာန်တူနေပြီးတော့ Design Act, Patent Act စတဲ့ ဥပဒေတွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ Enforcement ကောင်းစေဖို့အတွက် IP ရုံးအဖွဲ့၊ IP Office Act တွေကို ထပ်မံပြီးတော့၊ ပြဋ္ဌာန်းပြီးတော့ Office တွေ၊ Agency တွေအနေနဲ့ ဆောင်ရွက်မှုပုံစံတွေကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုတခြားနိုင်ငံပုံစံတွေကို ဥပမာပေးရတာဟာ အားသာချက်၊ အားနည်းချက်တွေကို အကြံပြုစေလိုတာပဲ ဖြစ်ပါတယ်။ IP ဥပဒေတွေဟာ ကျွန်တော်တို့နိုင်ငံ စီးပွားရေးတိုးတက်ဖို့ FDI တွေ၊ ရင်းနှီးမြှုပ်နှံမှု ဝင်လာမှုတွေအတွက် မဖြစ်မနေပြဋ္ဌာန်းရမယ့် ဥပဒေတွေပဲ ဖြစ်ပါတယ်။


Right Holder တွေ၊ နိုင်ငံရဲ့ IP စနစ်တွေက Right Holder တွေကို ဘယ်လောက်ကာကွယ်ပေးသလဲဆိုတာကို သုံးသပ်ပြီးတော့ ကုမ္ပဏီတွေ၊ Investor တွေဟာ ရင်းနှီးမြှုပ်နှံမှု လုပ်သင့်၊ မလုပ်သင့်ဆိုတာကို စဉ်းစားကြရမှာ ဖြစ်ပါတယ်။ လက်ရှိအနေအထားအရလည်း IP ဥပဒေတွေ မပြဋ္ဌာန်းသေးခင်မှာပင် အကျိုးစီးပွားအုပ်စုတွေဟာ အပြိုင်အဆိုင်ရှိနေပြီးတော့ အငြင်းပွားဖွယ်ရာတွေကလည်း ဥပဒေ ပေါ်ထွက်လာရင် ပေါ်ပေါက်လာမှာ မလွဲပါဘူး။ ဒါကြောင့် ဦးစီးဌာနကသော်လည်းကောင်း၊ သို့မဟုတ် IP Office တွေကသော်လည်းကောင်း၊ စွမ်းဆောင်ရည်ပြည့်နေဖို့ လိုအပ်ပြီးတော့ ဖွဲ့စည်းပုံကလည်း စနစ်ကျဖို့ လိုပါတယ်။ တစ်ဖက်မှာလည်း ဗဟိုကော်မတီ၊ Agency တို့ဟာ IP Protection, IP Right Holder တွေကို အကာအကွယ်ပေးဖို့အတွက်၊ အထူးသဖြင့် အကျိုးစီးပွားပဋိပက္ခတွေ၊ အတုနှိမ်နင်းရေးတွေ၊ ကျူးလွန်သူတွေကို ထိထိရောက်ရောက် အရေးယူဖို့အတွက် Enforcement Body ကို အားကောင်းဖို့ လိုအပ်ပါတယ်။ ဒီတော့ Governmental Agency ဟာ လိုအပ်ရင် Police တွေ၊ Custom တွေစတဲ့ Investigation နဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေ၊ ICT လိုမျိုး နည်းပညာသတင်းအချက်အလက်နဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ တိုးချဲ့ဖွဲ့စည်းပြီး အသုံးပြုရမှာ ဖြစ်ပါတယ်။

ဒါကြောင့် Governmental Agency ရဲ့ Bureaucracy အနေအထားဟာ ဖွဲ့စည်းမှုမှာရော တာဝန်အပိုင်းတွေမှာပါ မရှုပ်ထွေးစေဖို့နဲ့ တွန်းကန်မှုတွေ မဖြစ်စေဖို့ အလေးထားရမှာ ဖြစ်ပါတယ်။ ဒါဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ ပုံစံဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတက Executive Order ထုတ်ပြီးတော့ NCIPR ကို ဖွဲ့စည်းပါတယ်။ သူ့ရဲ့ Enforcement Body ကလည်း အားကောင်းပါတယ်။ ဒီတော့ ဖိလစ်ပိုင်နိုင်ငံရဲ့ ဥပမာအနေနဲ့မှာ Intellectual Property Code of the Philippines ဆိုပြီး ပြဋ္ဌာန်းပြီးတော့ အပိုင်း(၁)တွေမှာ IP Office ရဲ့ ကိုင်တွယ်ဆောင်ရွက်ပုံကို ပြဋ္ဌာန်းပြီး ကျန်တဲ့အပိုင်းတွေမှာတော့ Patent, Design စတဲ့ အပိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။ စင်ကာပူမှာတော့ ကျွန်တော်တို့ IP Office of the Singapore Act ကို ပြဋ္ဌာန်းပြီးတော့ Patent Act, Register Design Act တွေကို သတ်သတ်စီ ပြဋ္ဌာန်းဆောင်ရွက်ထားတာ ရှိပါတယ်။


ဒါကတော့ ဗဟိုကော်မတီ၊ Agency တို့ကို ဥပဒေနဲ့ မဖွဲ့စည်းဘဲနဲ့ နိုင်ငံတော်သမ္မတကနေ တိုက်ရိုက်ဖွဲ့စည်းတဲ့ပုံစံကို အကြံပြုတင်ပြထားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူပိုင်ခွင့်လုပ်ငန်းနဲ့ စပ်လျဉ်းပြီး ၂၀၀၁ ခုနှစ်မှာ WIPO၊ ၁၉၉၅ ခုနှစ်မှာ WTO၊ ၁၉၉၇ ခုနှစ်မှာ ASEAN Member အဖြစ်နဲ့ TRIPS Agreement တွေ၊ IP နဲ့ဆိုင်တဲ့ ASEAN Framework Agreement တွေမှာ ပါဝင်ဆောင်ရွက်ခဲ့တာ ရှိပါတယ်။ ဒါက တစ်ချက်ပါ။ ဒီတော့ မြန်မာနိုင်ငံဟာ WIPO ခေါ်

ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာ အဖွဲ့ဝင်ဖြစ်နေတာကြောင့် အဖွဲ့ဝင်နိုင်ငံတွေနဲ့ ချိတ်ဆက်တဲ့ မှတ်ပုံတင်စနစ်မျိုးတွေ ဥပမာ Madrid လို စနစ်မျိုးတွေ ဆောင်ရွက်လာရမှာတွေ ရှိပါတယ်။ နောက်ပြီးတော့ ဆက်စပ်နိုင်ငံတွေရဲ့ IP နဲ့ပတ်သက်တဲ့ ဥပဒေတွေ၊ System တွေ၊ အခြေအနေတွေကိုလည်း သုံးသပ်ပြီးတော့ မြန်မာနိုင်ငံနဲ့ အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်မယ့်နည်းလမ်းတွေကို ကိုးကားဖို့လိုပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ဥပဒေတွေကို သင့်လျော်တဲ့အချက်တွေနဲ့ အစားထိုးပြင်ဆင်နိုင်ဖို့ ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)


ဥပဒေကြမ်း ဗဟိုကော်မတီနဲ့ Agencyတို့၏ ဖွဲ့စည်းသောပုံစံ ပြပုံ (၄)




အကြံပြုတင်ပြချက်၏ မြင်ကွင်းပုံ (၄-၁)



အကြံပြုတင်ပြချက်၏ မြင်ကွင်းပုံ (၄-၂)




**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၀၉။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ၊ နိုင်ငံသူ နိုင်ငံသားများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ မိမိတို့ခန္ဓာကိုယ်ကို သက်ဆုံးတိုင်အောင် ရွက်ဆောင်နိုင်ကြပါစေ။ ကျွန်တော် အခုဆွေးနွေးမှာကတော့ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းကို ပုဒ်မ (၆)ခုနဲ့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ ဒါက ကျွန်တော် မူပိုင်(၄)ခုစလုံးမှာ ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် ဖြစ်ပါတယ်။ ဒါက မူပိုင်(၄)ခုစလုံးမှာ ဥပဒေ ပြဋ္ဌာန်းချက်တွေက တူညီမှုရှိတဲ့အတွက် ကျွန်တော် (၄)ခုစလုံးကို ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဒီမှာ ကျွန်တော် ပြင်ဆင်ထားတာ (၄)ဦးထက်မပိုသော ဆိုတဲ့စကားရပ်ကို ဒါကို ပယ်ဖျက်ပြီးတော့ ကျွန်တော် ဒီဘက်ခြမ်းမှာက (၂)ဦးထက်မပိုသော ဆိုတဲ့စကားရပ်ကိုလည်း ပယ်ဖျက်ထားတာ ဖြစ်ပါတယ်။ ကျွန်တော် ဂဏန်းများကိုလည်း စာဖြင့် ရေးသားထားခြင်း ဖြစ်ပါတယ်။ ဒါကလည်း ဟိုတစ်နေ့က ကျွန်တော် ရှင်းပြထားသလိုပါပဲ။ (၁)ကနေ (၉)အထိကို စာဖြင့်ရေးရတဲ့ တွေ့ရှိရတာဖြစ်တဲ့အတွက် အခု ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် ဗဟိုကော်မတီဖွဲ့စည်းခြင်းကို ၎င်းနည်းတူ ပုဒ်မ ၄ နည်းတူ ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဒါဟာ ကော်မတီတွေ၊ ကော်မရှင်တွေ ဖွဲ့စည်းတဲ့အခါမှာ (၈)ဦးကို (၈)ဦးအတိုင်းပဲ ကျွန်တော်က မပြင်ဆင်ဘဲနဲ့ ထက်မပိုသော ဆိုတဲ့ဟာကိုပဲ ကျွန်တော် ပြင်ဆင်ထားတာ ဖြစ်ပါတယ်။

ဒါက ကျွန်တော် ပုဒ်မ ၃၀(ခ)ကို ထပ်ပြီး ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ဒါက ရုပ်သိမ်းပြီးဖြစ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်ဆိုပြီး မူလပထမ မူပိုင်မှာလည်း ကျွန်တော် ပြင်ဆင်ထားခြင်းဖြစ်တဲ့အတွက် ဒီမှာ ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ ဒါကတော့ ပြင်ဆင်ချက်ကတော့

မြန်မာနိုင်ငံတွင်မရရှိခြင်း ဆိုတဲ့နေရာမှာ ကျွန်တော်က သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် မြန်မာနိုင်ငံတွင် မရရှိခြင်း ဆိုသည့်စကားရပ်ကို သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ပြည်တွင်းတွင် မရရှိခြင်းဆိုပြီးတော့ ကျွန်တော် မြန်မာနိုင်ငံကို ပြည်တွင်းလို့ ပြင်ဆင်ထားခြင်းပဲ ဖြစ်ပါတယ်။ ဒါကတော့ ပြင်ဆင်ချက်ထဲမှာ "စ"ဆိုတဲ့ဟာကိုပဲ ကျွန်တော် ပယ်ဖျက်ထားတာ ဖြစ်ပါတယ်။ ဒါက ဥပဒေရဲ့ အနှစ်သာရကို၊ ပြဋ္ဌာန်းချက်ကို ပြင်ဆင်တာ မဟုတ်ဘဲနဲ့ ရေးထုံးတွေမှာ ပိုလျှံနေတဲ့အက္ခရာတွေကို ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။

ဥပဒေတွေမှာ ကျွန်တော်တို့ အဲဒီလို အသေးစိတ် ဆွေးနွေးခြင်းအားဖြင့်လည်း ကျွန်တော်တို့ ဥပဒေကြမ်းတွေရဲ့ အနုပညာလက်ရာကောင်းဖြစ်စေဖို့အတွက် ဥပဒေတစ်ရပ်မှာ အနှစ်သာရကိုချည်းပဲ ဦးစားပေးလာတဲ့အခါမှာ ရေးထုံးတွေ ပျောက်ကွယ်သွားမှာဖြစ်တဲ့အတွက် ကျွန်တော် ဒီဟာကို ရေးထုံးတွေကို အသေးစိတ် ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလို ရေးထုံးတွေရေးတဲ့အခါမှာ ဥပဒေနှစ်ရပ်စလုံးလို့ မရေးဘဲနဲ့ ဥပဒေနှစ်ရပ်လုံးလို့ပဲ ရေးလေ့ရှိကြတာကို တွေ့ရှိရတဲ့အတွက် "စ"ဆိုတဲ့ဟာကို ပိုနေတဲ့အတွက် ကျွန်တော် ဒါကို ပယ်ဖျက်ထားခြင်း ဖြစ်ပါတယ်။ ဒါက ချိုးဖောက်မှုအပေါ်ဆိုတဲ့နေရာမှာ ကျွန်တော်က ထိပါးချိုးဖောက်သူများကို ဆိုပြီးတော့ "အပေါ်" ဆိုတဲ့နေရာကို "များကို" ဆိုတဲ့ဟာနဲ့ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၄။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့လည်း ကျွန်တော်တို့ တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း(၄)ခုဖြစ်တဲ့ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်၊ တီထွင်မှု၊ စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်း (၄)ခုစလုံးမှာ ဗဟိုကော်မတီ၊ Agency၊ ဦးစီးဌာနတို့နှင့် ဆိုင်တဲ့ အပိုဒ်တွေဟာ တူညီပါတယ်။ ဥပဒေကြမ်း(၄)ခုစလုံးရဲ့ နောက်ဆုံးအပိုဒ်တွေမှာလည်း

ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနဲ့ Agencyတို့သည် မူပိုင်ခွင့် ဥပဒေအားလုံး အတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်လို့ ဖော်ပြထားပါတယ်။

ဒါကြောင့် ကျွန်တော် ဆွေးနွေးလိုတဲ့ အချက်တွေက ရှေ့က ဥပဒေကြမ်းမှာ ဆွေးနွေးသွားသလိုပဲ၊ ဒီဥပဒေကြမ်းမှာလည်း အတူတူပါပဲ။ အဲဒီတော့ Intellectual Property Rights နဲ့ (Economic Growth) စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုတို့က ဆက်နွယ်နေပါတယ်။ နိုင်ငံတကာ ဥပမာတွေမှာဆိုရင် သက်ဆိုင်ရာ မူပိုင်ခွင့်ဥပဒေတွေအပြင် အကောင်အထည်ဖော်ဆောင်ရွက်မယ့် IP Office ဥပဒေတွေကို ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားတာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုင်တွယ်ရတဲ့ လုပ်ငန်းတွေဟာ အပြိုင်အဆိုင်တွေ၊ အကျိုးစီးပွား ယှဉ်ပြိုင်မှုတွေ၊ Right Holder တွေရဲ့ Law Firms တွေ၊ Private Agency တွေရဲ့ အငြင်းပွားမှု ပြဿနာတွေကလည်း ကြီးမားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ IP စနစ်ကို အကောင်အထည်ဖော်တဲ့အခါမှာ အကျင့်ပျက်ခြစားမှုတွေ အခြေအနေ ဘယ်လောက်ရှိသလဲဆိုတာ ထင်ဟပ်ပါလိမ့်မယ်။ ဒီလိုပဲ IP Right တွေကို ဖော်ဆောင်တာနဲ့ အကာအကွယ်ပေးတာတို့ဟာလည်း IP နဲ့ပတ်သက်တဲ့ ဗဟိုကော်မတီ၊ Governmental Agency၊ တစ်နည်းအားဖြင့် နိုင်ငံရဲ့အစိုးရ၊ အုပ်ချုပ်သူတွေရဲ့ ဘယ်လောက်ကောင်းမွန်သလဲ၊ ဘာတွေ လိုအပ်ချက်ရှိသလဲဆိုတာနဲ့ အချိုးကျနေပါတယ်။ ဒါကြောင့် ဥပဒေကို သင့်လျော်တဲ့အချက်တွေနဲ့ အစားထိုးပြင်ဆင်နိုင်ဖို့ အကြံပြု ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၇။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်းလို့ ဆုတောင်းပေးပါတယ်။ ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် အခုနောက်ဆုံး စာပေနှင့် အနုပညာ မူပိုင်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို ပုဒ်မ(၅)ခုနဲ့ ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ ဒါက ပုဒ်မ ၂ ရဲ့ (ဗ)မှာ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ မူလမှာ ဖိုနိုဂရမ်၊ ဖိုနိုဂရပ်(Phonograph) ဆိုတဲ့ စကားရပ်ကို နှစ်ပိုင်း ဒီမှာပြင်ဆင်ထားတာ ရှိပါတယ်။ ဒီ ဖိုနိုဂရမ် ဆိုတဲ့စကားရပ်က ဘေးမှာ အကြောင်းအကျိုးဖော်ပြထားတဲ့အထဲမှာ ပုဒ်မပေါင်း(၂၀)မှာ ဒီ ဖိုနိုဂရမ် ဆိုတဲ့ဟာကို သုံးစွဲထားတာဖြစ်တဲ့အတွက် ဒါကို ကျွန်တော် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မှန်ကန်မှု ရှိ/မရှိနဲ့ ကျွန်တော် တစ်ကြောင်း ပြင်ဆင်ထားတာရှိတယ်။

နောက်တစ်ခုက သင်္ချာန်တူဆိုတာကို ကျွန်တော်က အစားထိုးထားတာရှိတယ်။ အဲဒီလို ဖိုနိုဂရမ်လား၊ ဖိုနိုဂရပ်(Phonograph)လား ဆိုတာကတော့ ကျွန်တော်တို့ ဒါ ဥပဒေကြမ်းကော်မတီက ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တွေ့ရှိတာက၊ နားလည်တာက ဖိုနိုဂရပ်(Phonograph) လို့ပဲ နားလည်တယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဖိုနိုဂရပ်(Phonograph) ဆိုပြီး ပြင်ထားတာ ဖြစ်ပါတယ်။ ဥပဒေကြမ်းမှာကတော့ ပြဋ္ဌာန်းချက်မှာတော့ ဖိုနိုဂရမ်လို့ သုံးထားတာ ဖြစ်ပါတယ်။ ဖိုနိုဂရမ်လား၊ ဖိုနိုဂရပ်(Phonograph) လားဆိုတာတော့ ဒါက ဥပဒေကြမ်းကော်မတီက ပြန်လည် သုံးသပ်ရမှာ ဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ ဒီလို အင်္ဂလိပ်စကားရပ်တွေကို သုံးစွဲတဲ့အခါမှာ၊ အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ဒီ အင်္ဂလိပ်စာလုံးပေါင်းတွေ ကျွန်တော်တို့က ဘေးမှာ တစ်ခါတည်း ပြဋ္ဌာန်း သင့်ပါတယ်။

ဒါမှသာလျှင် ကျွန်တော်တို့က ပိုမိုပြည့်စုံမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စကားရပ်တွေ သုံးစွဲတဲ့ အခါမှာ ဘေးမှာ အဲဒီလို စာလုံးပေါင်းတွေ မပြဋ္ဌာန်းဘူးဆိုရင် သံတူကြောင်းကွဲတွေ အများကြီး ရှိတဲ့အတွက် ကျွန်တော်က ဒါကို ဖြည့်စွက်ပြီးတော့ အင်္ဂလိပ်စကားရပ်ကို ထည့်သွင်းကြောင်း ဖော်ပြ ထားခြင်းဖြစ်ပါတယ်။ အကယ်၍များ ဥပဒေကြမ်းကော်မတီဟာ ဖိုနိုဂရပ်(Phonograph) မဟုတ်ဘဲနဲ့ ဖိုနိုဂရမ် ဆိုရင်လည်း ဖိုနိုဂရမ်ရဲ့စာလုံးပေါင်းကို ဘေးမှာကွင်းခတ်ပြီး ပြပေးရမှာဖြစ်ပါတယ်။ ဒီလို ဖိုနိုဂရမ် ဆိုရင်တော့ ဘေးမှာအနီနဲ့ပြထားတဲ့ ပုဒ်မပေါင်း(၂၀)ကိုတော့ ဖိုနိုဂရမ်ကို ပြင်စရာမလို တော့ပါဘူး။ ဖိုနိုဂရပ်(Phonograph) ဆိုရင်တော့ ဒီပုဒ်မပေါင်း(၂၀)ကိုပါ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Slide ကို ပြန်ပြပေးပါ။ သင်္ချာန်တူကို ကျွန်တော် ပြန်ပြီးတော့ ပြင်ဆင်ထားတာ ရှိပါသေးတယ်။ ဒီမှာ သင်္ချာန်တူ ဆိုတဲ့ဟာကို ပြင်ဆင်ထားတာ ရှိပါတယ်။ သင်္ချာန်တူကို ကျွန်တော်က တူညီသောအသံလို့ ပြင်ဆင်ထားတာပါ။ ဒါ ဘာလို့လဲဆိုတဲ့အခါကျ ကျွန်တော်တို့ ပါဠိတွေသုံးတဲ့အခါမှာ ကျမ်းတွေ ညှိရတာလည်း ရှိပါတယ်။ ရှေ့မှာ ပြဋ္ဌာန်းထားတဲ့ ပါဠိနဲ့ ပတ်သက်တဲ့ အသုံးအစွဲတွေရှိပါတယ်။ အဲဒီတော့ မူလဥပဒေမှာ ပြဋ္ဌာန်းထားတာ သင်္ချာန်ကို (ဏ) အောက်မှာ (၄) ခံထားပေမယ့် အခု ကျွန်တော်တို့ ပြင်ဆင်ထားတဲ့ (ဏ) အောက်မှာ (၄) ခံထားတာ မှန်ပါတယ်။

သို့သော် သင်္ချာန်ဆိုတဲ့ အဓိပ္ပာယ်က အလုံး၊ အပြား၊ အရှည် တည်နေဟန်ကို ပုံသင်္ချာန် အသွင်အပြင်ကို ဖော်ပြထားတာ ဖြစ်တဲ့အတွက် သင်္ချာန်တူအသံလို့ သုံးစွဲထားခြင်းအားဖြင့် သင်္ချာန်နဲ့ တသတ်နဲ့ တွဲထားတာ ဖြစ်တယ်။ သင်္ချာန်ကို ကျွန်တော်တို့ သုံးစွဲမယ်ဆိုရင် ရူပါနဲ့ တွဲရပါတယ်။ ရူပါရုံ၊ သဒ္ဒါရုံ ၊ ရသာရုံ၊ ဂန္ဓာရုံ ၊ဖောဋ္ဌဗ္ဗာအာရုံ စတဲ့ အာရုံ (၅)ပါးမှာ စက္ခုဒွါရကဖြစ်လာတဲ့ အဆင်းကာယနဲ့ပဲ တွဲလေ့ရှိတယ်။ ဥပမာ အဆင်းသင်္ချာန်၊ ပုံသင်္ချာန် စသည်အားဖြင့် ဒီလိုသင်္ချာန်ကို ဒီလိုရူပနဲ့ တွဲလေ့ ရှိတဲ့အတွက် သင်္ချာန်ဆိုတဲ့ဟာကို သင်္ချာန်တူအသံ ဆိုတဲ့ သင်္ချာန်ကို တသတ်နဲ့ တွဲထားတဲ့အတွက် ကျွန်တော် ဒါကို ပယ်ဖျက်ထားခြင်း ဖြစ်ပါတယ်။ ဥပဒေတွေမှာ ပါဠိသဒ္ဒါတွေ သုံးတဲ့အခါမှာ အများပြည်သူ လွယ်ကူသိရှိနိုင်တဲ့ ရေးထုံးတွေ ရေးလေ့ရှိပါတယ်။ ရေးထုံးတွေဖြစ်အောင် ပါဠိဘာသာ တွေ၊ ပါဠိစကားရပ်တွေ ထည့်သွင်းရေးထားတာ ရှိပါတယ်။ ပါဠိတွေ ထည့်သွင်းရေးထားတာတွေ ရှိတဲ့ အတွက် ဥပမာ အများပြည်သူ လွယ်ကူသိရှိနိုင်ဖို့ အတွက်ကို ဥပဒေပြဋ္ဌာန်းချက်တွေ ကျစ်လျစ်ဖို့အတွက် ဥက္ကဋ္ဌတို့၊ အန္တရာယ်တို့ ဒါတွေဟာ အများပြည်သူ တွင်တွင်ကျယ်ကျယ် သုံးစွဲတဲ့ ပါဠိတွေ ထည့်သွင်း

ထားခြင်းအားဖြင့်လည်း အရေးအသားတွေက ဖောင်းပွမှုမရှိဘဲ ကျစ်လျစ်စေတဲ့အတွက် အဲဒီလို သုံးစွဲလေ့ရှိတာ တွေ့ရှိရပါတယ်။

နောက်တစ်ခုနေရာမှာ ဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ သိပ်များတဲ့အခါမှာ ကျစ်လျစ်သွားအောင်ဆိုပြီးတော့ သုံးစွဲဖို့လည်း လိုတယ်။ ဒါကြောင့် ပါဠိဘာသာကို။ ဥပမာအနေနဲ့ ကျွန်တော် ပြောမယ်ဆိုရင် ကောင်းကင်၌ မီးလုံးကြီးသဏ္ဌာန်ဖြစ်ပေါ်၍ ပျံသန်း၍ ကျလာတတ်သောအလုံးကြီးလို့ မရေးဘဲနဲ့ အဲဒီလိုစာလုံးပေါင်း(၂၀)လောက်ရှိတဲ့စာလုံးကို မရေးဘဲနဲ့ ဥက္ကာလို့ (၂)လုံးတည်း ရေးလိုက်ခြင်းအားဖြင့် ဥပဒေက ပိုပြီးတော့လည်း ကျစ်လျစ်ပါတယ်။ အများပြည်သူတွေက ပိုမိုသိရှိနားလည်တာ ဖြစ်တဲ့အတွက် ဒါ ပါဠိတွေရေးတဲ့အခါမှာ အထူးဂရုပြုပြီးတော့ ကျွန်တော်တို့က သုံးစွဲရင် ပိုပြီးတော့ သင့်တော်တာဖြစ်တဲ့အတွက် ကျွန်တော်တို့က အဲဒီလို ကျွန်တော် ပယ်ဖျက်ထားခြင်းဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက်နှစ်ခုထက်ပိုတဲ့ အဓိပ္ပာယ်မှတ်ယူနိုင်တဲ့ စကားရပ်တွေကိုလည်း၊ ပါဠိစကားတွေကိုလည်း ကျွန်တော်တို့ မထည့်ဖို့၊ ရှောင်ကြဉ်ဖို့လည်း လိုအပ်ပါတယ်။ ဥပမာ သီရိ၊ သီတာ တို့ပေါ့။ ဒါတွေက အဓိပ္ပာယ်နှစ်ခု၊ သုံးခုလောက် မှတ်ယူလို့ရတဲ့ဟာတွေမို့ ဒါ ကျွန်တော် အကြံပြုခြင်းဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် ကွန်ပျူတာပရိုဂရမ်(Computer Programme) ကို ကျွန်တော် ဒါ ဒီအဓိပ္ပာယ်ကို စာလုံးပေါင်း၊ အင်္ဂလိပ်စာလုံးပေါင်း ကျွန်တော် ထည့်သွင်းပေးဖို့ ကျွန်တော်က ဒါကို ဆွေးနွေးတာဖြစ်ပါတယ်။ ဥပဒေတွေမှာ ကျွန်တော်တို့ တိုက်ရိုက်သုံးစွဲလို့ရတဲ့ဟာတွေ ရှိပါတယ်။ အသံတူတွေ၊ ဥပမာ Computer ဆိုရင် ကျွန်တော်တို့ ကွန်ပျူတာဆိုတာကို ပေါင်းလိုက်ခြင်းအားဖြင့် အခု ဒီမှာလည်း ကျွန်တော်တို့ ဖော်ပြထားပါတယ်။ ကွန်ပျူတာမှ ဖတ်ရှုသိရှိနိုင်သည်။ ကွန်ပျူတာကို ကျွန်တော်တို့က စာလုံးပေါင်းစရာ မလိုတော့ပါဘူး။ ဒါ ဘာကြောင့်လဲဆိုတော့ အများပြည်သူသိတဲ့အတွက် ဒါဟာလည်း ကျွန်တော်တို့ မလိုတော့ပါဘူး။ ဥပမာ ဘရာစီယာ တို့ပေါ့။ ဒါတွေက စာလုံးပေါင်းစရာ မလိုတော့ပါဘူး။ ဒါကလည်း ကျွန်တော် မူလဥပဒေ ပထမမူပိုင်မှာ ပြင်ဆင်ထားတဲ့အတိုင်းပါပဲ။ ဒါက ကျွန်တော် “စာပို့” ဆိုတဲ့ဟာကို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နား

ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်(အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]